www.burmeseclassic.com

ရင်ငြိမ်းစာပေ

# အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း

## (သို့မဟုတ်)

## အာဂလူ

BURMESE CLASSIC .com



**မင်းနေသွေး**

Graphic Design: COBAIN 09 5052581

www.burmeseclassic.com

www.burmeseclassic.com

အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း (သို့မဟုတ်) အာဂလူ
ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် -
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -
ပုံနှိပ်ခြင်း - ပထမအကြိမ် အုပ်ရေ(၅၀၀)
ထုတ်ဝေသည့်ကာလ - ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ
ထုတ်ဝေသူ - ဦးလှနိုင်
မြတ်စာပေ
အမှတ်(၂၂၁)၊ ၃၁လမ်းအထက်
ပန်ဘဲတန်းမြို့နယ်၊ ရန်ကုန်။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် - ဒေါ်ခင်ချိုချိုမြင့်
ကောင်းစုပုံနှိပ်တိုက်
အမှတ်(၅၂၊ ခ)၊ရွှေယင်းမာလမ်း
၁၃ ရပ်ကွက်၊ ရန်ကင်းမြို့နယ်။
မျက်နှာဖုံး - ၂၁ Century
တန်ဖိုး - ၅၀၀ ကျပ်

မင်းနေသွေး CIP - 808.85

အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း (သို့မဟုတ်) အာဂလူ

မြတ်စာပေ ၂၀၁၂
စာ- ၁၄၄ ၅. ၈ x ၃. ၈၅ စင်တီ

# အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း

# (သို့မဟုတ်)

# အာဂလူ

မင်းနေသွေး
စုစည်းတင်ပြသည်

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့်အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် ကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့်ပြည်ထောင်စုစိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မာတိကာ


၁။ ဗိုလ်ချုပ်အောင်ဆန်း၏ချင်းလူမျိုးများအပေါ်သဘောထား

၂။ ဗိုလ်တိုက်ချွန်း (သို့မဟုတ်) အာဂလူ

၃။ အောင်ဆန်းသူရိယဘွဲ့ဆိုသည်မှာ

၄။ ဆုတံဆိပ်ပုံသဏ္ဍာန်၊ အမျိုးအစား

၅။ ဗိုလ်တိုက်ချွန်း၏ ငယ်စဉ်ဘဝ

၆။ ပညာရေးလမ်းစ

၇။ ဘာကြောင့် ကျောင်းသားမရသလဲ

၈။ ဗိုလ်တိုက်ချွန်းကျောင်းသားဘဝရောက်ခြင်း

၉။ ဘော်ဒါဆောင်နေရသော ဗိုလ်တိုက်ချွန်း

၁၀။ စာကြိုးစားသော ဗိုလ်တိုက်ချွန်း

၁၁။ ဖလန်းသို့ရောက်ရှိခြင်း

၁၂။ ကျောင်းထွက်ခြင်း

၁၃။ ကယ်တင်ရှင်နှင့် တွေ့ခြင်း

၁၄။ ဗိုလ်တိုက်ချွန်းနှင့် ကုလားအဘိုးကြီး

၁၅။ ကုလားအဘိုးကြီး၏ အားပေးစကား

၁၆။ ပညာပြန်သင်ခြင်း

၁၇။ စိတ်ဝင်စားခြင်း

၁၈။ သိချင်တာသိရပြီ

၁၉။ အဖြေပေါ်ပြီ


www.burmeseclassic.com

www.burmeseclassic.com


၂၀။ ဆိုးလှတဲ့အဖြစ်
၂၁။ အစခံရခြင်း
၂၂။ လိမ်ညာ၍ ထွက်ခွာလာခြင်း
၂၃။ စစ်သားဖြစ်ခြင်း
၂၄။ ခွင့်တောင်းခြင်း
၂၅။ ကြမ်းတမ်းသောခရီးလမ်း
၂၆။ သေနတ်ခိုးခြင်း
၂၇။ အိန္ဒိယပြည်ကိုရောက်ခြင်း
၂၈။ မြန်မာပြည်ကိုပြန်ရောက်ခြင်း
၂၉။ တာဝန်
၃၀။ ဝိုင်ယာလက်စက် အသုံးပြုပုံ
၃၁။ လိုအပ်သည့်စက်ကိရိယာများပို့ဆောင်နည်း
၃၂။ သတင်း၏ အရေးပါပုံ
၃၃။ အိန္ဒိယပြည်သို့ပြန်ရခြင်း
၃၄။ ဒုတိယအကြိမ်မြောက် တော်လှမ်းရခြင်း
၃၅။ အဆင့်ဆင့် ခရီးဆက်ရပုံ
၃၆။ နောက်ကြောင်းပြန်ဆုတ်ရခြင်း
၃၇။ ဂျပန်တို့ စစ်ရှုံးပြီးနောက်
၃၈။ လေထီးခရီးစဉ်
၃၉။ စခန်းချထောက်လှမ်းဖို့ ကြိုးစားခြင်း
၅၉။ ဗိုလ်တိုက်ချွန်း(သို့မဟုတ်) သေရွာပြန်သံခဲ
၆၀။ သေရွာပြန်၏ စစ်ဗိုလ်ဘဝ
၆၁။ KIDOနှင့်တိုက်ပွဲဖြစ်ရခြင်း
၆၂။ ပျောက်ကြားစနစ်သုံးခြင်း
၆၃။ စစ်ဆင်ရေးစတင်ခြင်း
၆၄။ အောင်မြင်သောပျောက်ကြားစနစ်
၆၅။ ဆင့်ကဲချေမှုန်းရေးနည်းဗျူဟာ
၆၆။ ယုံကြည်မှုရရှိခြင်း
၆၇။ အသာစီးရယူထားသောရန်သူ
၆၈။ တာဝန်ပေးခြင်း
၆၉။ တာဝန်အရဆောင်ရွက်ပြီ
၇၀။ စစ်ဆင်ရေးစခြင်း
၇၁။ အောင်မြင်သောစစ်ဆင်ရေး
၇၂။ ရန်သူကပေးသောလက်ဆောင်
၇၃။ ပြင်းထန်သောတိုက်ပွဲဖြစ်ပွားခြင်း
၇၄။ ရောက်ရှိလာသောစစ်ကူ
၇၅။ ဆုတ်ခွာသွားသောရန်သူများ
၇၆။ အနီးကပ်စစ်ဆင်ရေး
၇၇။ အသက်မသေချင်သေးသောသူ


www.burmeseclassic.com

www.burmeseclassic.com


၄၀။ လေယာဉ်ကွင်းတွင် အလုပ်ရခြင်း
၄၁။ ထောက်လှမ်းရေးနှင့် ချေမှုန်းရေး
၄၂။ ကူညီသူကို ဆုချီးမြှင့်ခြင်း
၄၃။ ရရှိခဲ့သော ဘွဲ့တံဆိပ်
၄၄။ ရာထူးတိုးခြင်း
၄၅။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံခြင်း
၄၆။ ချီးကျူးခံရခြင်း
၄၇။ တပ်ကြပ်ကြီးအဖြစ် ရာထူးတိုးမြှင့်ခံရခြင်း
၄၈။ တိုက်ပွဲဖြစ်ခြင်း
၄၉။ စစ်ပရိယာယ်သုံးခြင်း
၅၀။ အောင်မြင်သော စစ်ဆင်ရေး
၅၁။ နေရာသစ်ကိုခြေချခြင်း
၅၂။ တွေ့ဆုံခြင်း
၅၃။ လွတ်လပ်ရေးအရသာခံစားရခြင်း
၅၄။ ရန်ကုန်သို့ရောက်ခြင်း
၅၅။ ဆေးရုံရောက်သွားသော ဗိုလ်တိုက်ချွန်း
၅၆။ ရင်ခွဲရုံမှထလာခြင်း
၅၇။ အဝတ်အစားမပါဘဲထွက်ပြေးသောဗိုလ်တိုက်ချွန်း
၅၈။ အရှက်ရခြင်း

၇၈။ တိုက်ပွဲခဏနားခြင်း
၇၉။ မော်တော်ဆိုင်ကယ်ဝင်လုခြင်း
၈၀။ နည်းဗျူဟာပြောင်းလဲသော စစ်ဆင်ရေး
၈၁။ အင်းစိန်ကို သိမ်းယူရရှိခြင်း
၈၂။ ပေးဆပ်ခြင်းများစွာဖြင့် ရန်သူကို
ချေမှုန်းနေရသော တပ်မတော်
၈၃။ ရန်သူတို့ လက်ဦးမှုရယူခြင်း
၈၄။ အရှုံးမပေးသောသူ
၈၅။ အားမတန်၍ မာန်ခဏလျှော့ခြင်း
၈၆။ ဝမ်းနည်းစရာအဖြစ်အပျက်
၈၇။ ထန်းတပင်မြို့ကို သိမ်းယူခြင်း
၈၈။ သည်းထိတ်ရင်ဖိုအဖြစ်အပျက်
၈၉။ အောင်ဆန်းသူရိယ ဘွဲ့ရခြင်း
၉၀။ မိန်းမရခြင်း
၉၁။ ဗိုလ်ကြီးဖြစ်သွားခြင်း
၉၂။ မောင့်ဖြတ်ရွာသို့ပြောင်းရခြင်း
၉၃။ တရုတ်ဖြူနယ်ချဲ့တို့ကို ချေမှုန်းရခြင်း
၉၄။ နောက်ကျသွားသောရန်သူများ
၉၅။ ဒုတိယအကြိမ်တွေ့ဆုံသော မဟေလုံတိုက်ပွဲ
၉၆။ အဆမတန်အင်အားကြီးမားခြင်း


www.burmeseclassic.com

www.burmeseclassic.com

၉၇။ ဆုတ်ခွာခြင်းနည်းဗျူဟာ
၉၈။ စစ်ကူမရသောတိုက်ပွဲ
၉၉။ အရှုံးအမြတ်စာရင်း
၁၀၀။ ဒုတိယချစ်သူနှင့်တွေ့ဆုံခြင်း
၁၀၁။ အချစ်ကစွဲလမ်းစေသည်
၁၀၂။ ဒုတိယအိမ်ထောင်ပြုခြင်း
၁၀၃။ စည်းရုံးရေးကောင်းသော
၁၀၄။ မွေးရပ်မြေကို ပြန်လာခြင်း
၁၀၅။ ကိုယ်ပိုင်အိမ်ဆောက်ခြင်း
၁၀၆။ တောဝက်ပစ်ထွက်ခြင်း
၁၀၇။ သားကောင်နှင့်မုဆိုး
၁၀၈။ သတ်၍မသေသောသူ
၁၀၉။ ဘွဲ့တစ်ခုထပ်တိုးခြင်း
၁၁၀။ အေးချမ်းသောဘဝ
၁၁၁။ အောင်ဆန်းသူရိယဘွဲ့ရကြသူများ
ဗိုလ်မှူးအေးချို (ကြည်း) ၅၁၈၀
၁၁၂။ တပ်သားလှသောင်း၊ ကိုယ်ပိုင် အမှတ်-၈၈၆၅
၁၁၃။ တပ်သားစွတ်(က်)ဗဟာဒူးရှိုင်းကိုယ်ပိုင်အမှတ် ၀၁၉၁၄
၁၁၄။ တပ်သားစောမြင့် ကိုယ်ပိုင်အမှတ် ၀၀၉၀၃
၁၁၅။ စောဘရီ၊ အရပ်သား



# ဗိုလ်ချုပ်အောင်ဆန်း၏ ချင်းလူမျိုးများအပေါ် ရှိသည့် သဘောထား

အောင်ဆန်းသူရိယဘွဲ့ရ ဗိုလ်တိုက်ချွန်းသည်ချင်းလူမျိုးဖြစ်သည်။ ထို့ကြောင့်ချင်းလူမျိုးများနှင့် ပတ်သက်ပြီးတပ်မတော် ဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏သဘောထားအမြင်ကိုဖော်ပြရလျှင် . . .

မြန်မာနိုင်ငံကို ဗြိတိသျှလူမျိုးများအုပ်စိုးစဉ်က ဗိုလ်ချုပ်ရှေ့ဦးစွာ စစ်ဆေးကြည့်ရှုသည့် စစ်တပ်မှာချင်းတောင်တပ်ဖြစ်သည်။ ထိုတပ်မှာ မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးများထဲမှ ၁၈၉၄ ခုနှစ်တွင် ကနဦးတည်ထောင်လိုက်သည့်တပ်ဖြစ်လေသည်။ ၎င်းတပ်တွင် ဆီးရင်း၊ ချင်းနှင့် ဟွာလ်ငိုချင်းလူမျိုးများပါဝင်သည်။ ချင်းလူမျိုးများထဲမှ ပထမဦးစွာဆုဗေဒါ မေဂျာရာ ဘွဲ့ကို ရသူမှာ ယခုကပ္ပတိန်ပေါ်ချင်း OB,KSM, IDM.

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

၁၉၄၆ ခုနှစ် မိတ္ထီလာတွင် ဗိုလ်ချုပ်အောင်ဆန်း ချင်းတောင်စစ်တပ်များကို စစ်ဆေးကြည့်ရှုစဉ်အခါက ၄င်းတပ်တွင် ဆီးရင်း၊ ဟားခါး၊ ခွင်ဆိုင်း၊ ထာဒိုးချင်းလူမျိုးများမှာလည်း ကလေး-ကဘော် တစ်ဖက်ရှိဆီးရင်း နယ်ဝှမ်းနေ ဆီးရင်းချင်းလူမျိုးများမှ ဆင်းသက်ပေါက်ဖွားလာကြသူများဖြစ်ကြသည်။ ၄င်းတို့၏ ဘိုးဘွားများသည် ကလေး-ကဘော်ချိုင့်ဝှမ်းမှ ပြောင်းရွှေ့လာကြသူများဖြစ်လေသည်။ ဖော်ပြပါတပ်စုများသည် ယခင်က ချင်းတောင်တပ်တွင်ပါဝင်ခဲ့ကြသည့် ဂေါ်ရခါးနှင့် တုမောတပ်စုများ၏ နေရာတွင်ဝင်ရောက်ခဲ့ကြလေသည်။ အဆိုပါတပ်ကို ဖွဲ့စည်းရခြင်းအကြောင်းရင်းမှာ ချင်းတောင်ဒေသများကို သိမ်းသွင်းပြီးသည့်နောက် ချင်းလူမျိုးများ ပုန်ကန်ထကြွကြသဖြင့် ချင်းတောင်နှင့် ကလေး၊ ကဘော်နယ်ဝှမ်းတွင် ငြိမ်းချမ်းရေးပြန်လည်ရရှိရန်ဖြစ်သည်။ ထိုစဉ်က ရန်ကုန်နှင့်မန္တလေးမြို့များမှ သောင်းကျန်းသူများကို နှိမ်နင်းရန်စေလွှတ်လိုက်သည့်



တပ်များမှာလည်း ၄င်းဒေသများကို ငြိမ်းချမ်းအောင် မအုပ်စီးနိုင်ခဲ့ချေ။အကြောင်းသော်ကား ချင်းလူမျိုးများမှာ မွေးကတည်းက အတိုက်အခိုက်ဝါသနာပါသူများဖြစ်ကြပြီး ကလေးမြို့အနီးရှိထူထပ်သော တောင်တန်းများကလည်း ၄င်းတို့အဖို့ရန်သူများ မကျော်လွှန်နိုင်သည့် ခံတပ်ကြီးများအဖြစ် အသုံးခံခဲ့ကြလေသည်။

ယခုခေတ်သေနင်္ဂဗျူဟာတွင် ချင်းလူမျိုးများ၏ အစွမ်းအစကို ပြီးခဲ့သည့် ပထမကမ္ဘာစစ်ကြီးတွင် သိရပေသည်။ လွန်ခဲ့သည့် အနှစ်သုံးဆယ်က စစ်သားကလေးဘဝမှ တဖြည်းဖြည်းတက်လာသူ ဆီရင်းလူမျိုး ဆူပေဒါမေဂျာ ငင်းဇမ်းOB, BGM က ဗိုလ်ချုပ်အား ဂုဏ်ပြုသောတပ်ကို လှည့်လည်ပြသလေသည်။ ဗိုလ်ချုပ်သည် ၄င်းတပ်သားများ၏ ဖျတ်လတ်ပုံနှင့် စည်းကမ်းသေဝပ်ပုံကို အထူးသဘောကျလေသည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်က ချင်းစစ်သည်တော်များ၏ ကောင်းသတင်းများကို မကြာမကြာကြားဖူးသော်လည်း ယခုမှပင် ကိုယ်တိုင်မြင် တွေ့ရပါသည်ဟု ဆူပေဒါမေဂျာအား

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖော်ပြောပြလေသည်။

ဗိုလ်ကြီးငမ်းဇမ်းကလည်း ၄င်း၏ စစ်သည်တော်များသည်နောက်ဆုတ်ပေးခြင်းကို လုံးဝနာမလည်ပဲ လျှင်မြန်ဖျတ်လတ်မှုတွင် ဂေါ်ရခါး၊ စကော့တလန်သားစသည်တို့ထက် ညံ့ဖျင်းလိမ့်မည်မဟုတ်ကြောင်းကို ဗိုလ်ချုပ်အားရှင်းလင်းပြောပြလေသည်။

ချင်းစစ်သည်များသည် မည်သည့်အခါမျှ နောက်ဆုတ်မပေးပဲ ယနေ့ ၄င်းတို့စစ်ရေးနိမ့်လျှင် မနက်ဖြန် ၄င်းတို့၏ ရဲဘက်များက လာရောက်ကလဲ့စားချေမည်မှာမလွဲပါ။ ဤသည်ကား ၄င်းတို့၏ ရေးမှတ်ထားသော ဥပဒေသာဖြစ်လေသည်။ ချင်းစစ်သည်တော်များသည် ၄င်းတို့ဘာသာနှင့် မြန်မာဘာသာကို မသင်ရဘဲ အူရဒူဘာသာကို သင်ယူရကြောင်းကို ဆူဗေဒါမေဂျာထံမှ ကြားရသောအခါ ဗိုလ်ချုပ်မှာများစွာစိတ်မကောင်းဖြစ်ရလေသည်။ ချင်းတောင်သို့ မြန်မာဘာသာကို ၁၉၁၇ ခုနှစ်လောက်ကပင် အမေရိကန် သာသနာပြုအဖွဲ့များက စတင်ယူဆောင်ခဲ့သော်လည်း ဗြိတိသျှလူမျိုး



တို့က ၁၉၂၅ခုနှစ်တွင် ၄င်းဘာသာကိုပယ်ဖျက်ခဲ့လေသည်။ ချင်းလူမျိုးများအား လွင်ပြင်နေ ၄င်းတို့၏ ညီအစ်ကိုတော်သူများနှင့် စိတ်ဝမ်းကွဲစေရန်တစ်ခုတည်းသောရည်ရွယ်ချက်ဖြင့် ဗြိတိသျှတို့က ဤသို့ မြန်မာဘာသာသင်ယူခြင်းကို ပိတ်ပင်ခဲ့သည့်အကြောင်းကို သိရသဖြင့် ဗိုလ်ချုပ်မှာ အထူးပင်ဒေါသဖြစ်မိလေသည်။

သို့ဖြစ်၍ ၄င်းကုလားဘာသာအစား မြန်မာနှင့်ချင်းဘာသာကိုသင်ယူရန် အမြန် အစီအစဉ်များပြုလုပ်မည်ဟုဆိုလေသည်။ ထို့အပြင် ဗိုလ်ချုပ်က ချင်းလူမျိုးများမှာ စစ်သားကောင်းများဖြစ်ကြသော်လည်း၊ ၄င်းတို့တစ်မျိုးလုံးကို စစ်သည်တော်များအဖြစ်သာ အင်္ဂလိပ်အစိုးရများ လုပ်ခဲ့သလို အသုံးမချလိုပဲ ပညာအရည်အချင်းနှင့်ပြည့်စုံသူများကို အုပ်ချုပ်ရေးအဖွဲ့တွင်လည်း ပါဝင်စေလိုကြောင်း၊ သို့မှလည်း နားလည်မှုပိုမိုရရှိမည့်အကြောင်းများကိုရှင်းလင်းပြလေသည်။ မြန်မာပြည်အတွင်းဝန်များရုံးသို့လည်း အတွင်းဝန်အလုပ်သင်ရန် ပညာတတ် ချင်းများကိုခေါ်ယူလိုကြောင်း၊ အစတွင်


www.burmeseclassic.com

www.burmeseclassic.com



ဟိုက်စကူးဖိုင်နယ်သမားများကို စဉ်းစားမည်ဖြစ်သည့် အကြောင်းနှင့် ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် ချင်းတောင်ဒေသပညာရေးမှာ ပြည်မ၊ ပညာရေးထက် နောက်ကျရကြောင်းများကို ပြောပြလေသည်။

ဗိုလ်ချုပ်က သူကိုယ်တိုင်လည်း ကာကွယ်ရေး အတိုင်ပင်ခံဝန်ကြီးဖြစ်လာပြီးသည့် နောက်မှသာလျှင် ချင်းတောင်တပ်ရှိညီအစ်ကိုတော်များနှင့် ဆွေးနွေးခွင့် ရကြောင်းကိုပြောပြလေသည်။



မြန်မာပြည်ဘုရင်ခံ ဆာဟူးဖရန့်နှင့် ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



မကွယ်လွန်မီ သားမယားများနှင့်အတူ နောက်ဆုံးရိုက်ကူးသောပုံ



ရဲဘော်သုံးကျိပ်နှင့် ဂျပန်စစ်သင်တန်း နည်းပြ ဆရာများ။

www.burmeseclassic.com

www.burmeseclassic.com




မြန်မာပြည်မြောက်ပိုင်းရှိနာမည်ကျော်လီဒိုလမ်းမကြီးကို
လေယာဉ်ပေါ်မှတွေ့ရစဉ်။



ဟိုင်နန်ကျွန်းတွင် စစ်ပညာ သင်ကြားနေသည့် ရဲဘော်သုံးကျိပ် စိန်ပြောင်းပစ်ခတ်မှုလေ့ကျင့်နေစဉ်။

www.burmeseclassic.com



၁၉၄၈ ခုနှစ်ဇန်နဝါရီလ (၄) ရက်နေ့နံနက် ၄ နာရီ ၂၀ မိနစ်တွင်
ဗြိတိသျှအလံအားဖြုတ်ချ၍ပြည်ထောင်စုမြန်မာနိုင်ငံတော်၏
အလံတော်အားလွှင့်ထူခဲ့သည်။




ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါ်ခင်ကြည် သားသမီးများ ပျော်ရွှင်စွာ တွေ့မြင်ရပုံ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်အနှံ့ရှိ စေတီပုထိုးများသည် တိုက်ပွဲများကြောင့် ပျက်စီးခဲ့ရသည်။



သုရသတ္တိဆိုင်ရာ ဘွဲ့များတွင် အမြင့်ဆုံးဖြစ်သော
အောင်ဆန်းသူရိယ ဘွဲ့တံဆိပ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါ်ခင်ကြည် သားသမီးများ ပျော်ရွှင်စွာ တွေ့မြင်ရပုံ



မကွယ်လွန်မီ သားမယားများနှင့်အတူ နောက်ဆုံးရိုက်ကူးသောပုံ

www.burmeseclassic.com

www.burmeseclassic.com




၁၉၄၈ ခုနှစ်ဇန်နဝါရီလ(၄)ရက်နေ့နံနက် ၄ နာရီ ၂၀ မိနစ်တွင် ဗြိတိသျှအလံအားဖြုတ်ချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အလံတော်အားလွှင့်ထူခဲ့သည်။



မြန်မာပြည်ဘုရင်ခံ ဆာ့ဟူးဗရန့်နှင့် ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်သုံးကျိပ်နှင့် ဂျပန်စစ်သင်တန်း နည်းပြ ဆရာများ



မြန်မာပြည်အနှံ့ရှိ စေတီပုထိုးများသည် တိုက်ပွဲများကြောင့်ပျက်စီးခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်မြောက်ပိုင်းရှိနာမည်ကျော်လီဒိုလမ်းမကြီးကို
လေယာဉ်ပေါ်မှတွေ့ရစဉ်။



# ဗိုလ်တိုက်ချွန်း(သို့) အာဂလူ

သူသည် ရဲရင့်သည်။ ဖျတ်လတ်သည်။ မဟုတ်မခံစိတ်ရှိသည် တိုက်ပွဲပေါင်းကို အကြိမ်ပေါင်းများစွာဆင်နွှဲခဲ့သော်လည်း အသက်ဘေးမှ အကြိမ်ကြိမ်လွတ်ခဲ့သည်။

သေမင်းလက်မခံသောသူရဲကောင်းတစ်ယောက်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ချီးကျူးခြင်းကိုခံခဲ့ရသည်။

အောင်ဆန်းသူရိယဘွဲ့များထဲတွင် တစ်ဦးတည်းသောအသက်ရှင်ကျန်ရစ်ခဲ့သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အောင်ဆန်းသူရိယဘွဲ့ဆိုသည်မှာ

၁။ ထူးကဲသော အန္တရာယ်ကို ရင်ဆိုင်တွေ့ကြုံရမည့် အခြေအနေမျိုးသို့ ဆိုက်ရောက်နေစဉ် တပ်အဖွဲ့အစည်း၏ စစ်ရေးအကျိုးငှာ မိမိအသက်ကို ပဓာနမထားပဲ စံတင်လောက်သည့် ရဲစွမ်းသတ္တိ၊ ဂုဏ်ယူလောက်သည့် စွန့်စားခြင်းမျိုးဖြင့် တာဝန်ကိုရဲဝံ့စွန့်စားစွာ တစ်ဦးတည်း ဆောင်ရွက်ခြင်း။

၂။ ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ရာ၌ မိမိအားအန္တရာယ်ကို ထူးကဲဂုဏ်ယူဖွယ်ကောင်းလောက်အောင် တာဝန်ထမ်းဆောင်ခြင်း။

၃။ မိမိအသက်ဘေးအန္တရာယ်များကို လျစ်လျူပြု၍ နိုင်ငံတော်၏ စစ်ရေးအကျိုးငှာ ရန်သူနယ်မြေအတွင်း၌ သက်စွန့်ကြိုးပမ်းချီးမွမ်းဂုဏ်ပြုလောက်အောင် တာဝန်ထမ်းဆောင်ခြင်း။



၄။ ရန်သူနှင့် ရင်ဆိုင်တိုက်ရာ တပ်မတော်သားများက မိမိတို့၏ အန္တရာယ်ကို ဥပေက္ခာပြု၍ ထူးကဲမြင့်မြတ်သော စိတ်ဓါတ်တို့ဖြင့် ရဲဝံ့စွန့်စားစွာတိုက်ခိုက်ခြင်း။

၅။ မိမိတို့၏ အသက်ဘေးအန္တရာယ်ကိုလုံးဝ မငဲ့ကွက်ပဲ ပေးအပ်သည့်တာဝန်ကို ထူးကဲမြင့်မားသော ရဲစွမ်းသတ္တိ ကြံ့ခိုင်သော စိတ်ဓါတ်တို့ဖြင့် တာဝန်ထမ်းဆောင်ကြသူများကို ချီးမြှင့်အပ်နှင်းခြင်းတို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆုတံဆိပ်ပုံသဏ္ဌာန်အမျိုးအစား

အောင်ဆန်းသူရိယ ဘွဲ့တံဆိပ်ကို အခေါက်ရွှေ ချိန်ခုနှစ်ကျပ်သားဖြင့် ပြုလုပ်ထားသည်။

ပုံသဏ္ဌာန်နှင့် အရွယ်အစားမှာ၊ အချင်း2.5 စင်တီမီတာရှိ စက်ဝိုင်းပတ်လည်တွင် နေရောင်ခြည်စု (16)စု ဖြာထွက်နေပုံဖြစ်သည်။ တံဆိပ်တုံးတစ်ခုလုံး၏ အချင်းသည် 4.5 စင်တီမီတာရှိသည်။

ထိုတံဆိပ်တွင် တပ်ဆင်ထားသော ဖဲကြိုးအရောင်မှာဟသ်ာပြဒါးအနီရောင်ဖြစ်၍ အကျယ်မှာ 3.9 စင်တီမီတာရှိသည်။ ဖဲကြိုး၏ အစွန်းနှစ်ဖက်တွင် (.6) စင်တီမီတာအကျယ်ရှိ အစိမ်းရောင်အစင်း(၂)စင်းရှိသည်။



## ဗိုလ်တိုက်ချွန်း၏ ငယ်စဉ်ဘဝ

အောင်ဆန်းသူရိယဘွဲ့ရ ဗိုလ်တိုက်ချွန်းကို ၁၉၂၇ခုနှစ် ဆောင်းရာသီ၌ချင်းတောင်တန်းတွင် မွေးဖွားခဲ့သည်။ မွေးချင်းသုံး ယောက်ရှိသည့်အနက် ဗိုလ်တိုက်ချွန်း လေးနှစ်သားအရွယ်တွင် ဖခင်ဖြစ်သူဦးထန်ရေးကွယ်လွန်သွားပြီးနောက်အစ်မနှင့် ညီမတို့လဲကွယ်လွန်သွားခဲ့ကြသည်။

ဗိုလ်တိုက်ချွန်း၏ မိခင်မှာ လင်ယောက်ျားမရှိတော့သည့်နောက်ပိုင်းတွင် နောက်အိမ်ထောင်ပြုခဲ့လေ၏။ ထို့ကြောင့် ဗိုလ်တိုက်ချွန်းလဲ ပထွေးနှင့်မနေချင်သဖြင့် မိခင်၏ မောင်ဖြစ်သူ(ဦးလေး)နှင့် ဖွေးရင်းရွာမှာ သွားနေခဲ့သည်။

### ပညာရေးလမ်းစ

ဗိုလ်တိုက်ချွန်းသည် ဦးလေးအိမ်တွင် တောင်ယာလုပ်ငန်းများကို ကူညီလုပ်ကိုင်ပေးရင်း ကျောင်းနေ

www.burmeseclassic.com

www.burmeseclassic.com



ဖို့ အခြေအနေပေးလာခဲ့သည်။

တစ်နေ့တွင် မြို့မှပညာအုပ်မင်းသည် သူတို့နေသည့် ဗွေရင်းရွာကို ရောက်လာခဲ့၏။

သူကြီးမင်းနှင့် တွေ့သောအခါ အင်္ဂလိပ်အစိုးရက ဖွင့်ထားသည့်ကျောင်းအတွက် ကျောင်းသားရှာမရမှန်းသိသွားသဖြင့် ဒေါသထွက်သွားလေသည်။

ထိုခေတ်၊ ထိုအခါက ကျေးရွာသူကြီးများသည် အင်္ဂလိပ်အစိုးရကဖွင့်ထားသော ကျွန်ပညာရေးကျောင်းများအတွက် ကျောင်းသားရှာပေးရ၏။

ထိုသို့ ရှာမပေးနိုင်ပါက အပြစ်ပေးလေ့ရှိသည်။ ထို့ကြောင့် သူကြီးမင်းလည်း ရာထူးပြုတ်ပြီးအပြစ်ပေးခံရမှာ ကြောက်သဖြင့် ကျောင်းသားရအောင်ရှာပေးမည်ဟု ပညာအုပ်မင်းစိတ်ကျေနပ်သည်အထိ ကတိပေးလိုက်ပါသည်။

**ဘာကြောင့် ကျောင်းသားမရသလဲ**

ထိုခေတ်က ကျေးရွာကလေးသူငယ်များသည် ပညာတတ်ချင်သည့်စိတ်၊ စာတတ်မြောက်ချင်သည့်စိတ်



နည်းပါးသေးသဖြင့် ပညာအုပ်လာပြီဟု သတင်းကြားလိုက်တာနှင့်တောထဲတွင် သွားပုန်းနေကြသည်။

မိဘများကလဲ ကိုယ့်သားသမီးများကို ကိုယ်နှင့်ခွဲခွာပြီးမြို့ကျောင်းတွင်မထားလိုကြပေ။

## ဗိုလ်တိုက်ချွန်း
## ကျောင်းသားဘဝရောက်ခြင်း

ထိုသို့ အခြေအနေအကြောင်းကြောင့် သူကြီးသည် ပညာအုပ်မင်းကို ကတိပေးထားပြီးပြီမို့ ဗိုလ်တိုက်ချွန်း၏ ဦးလေးကိုခေါ်တွေ့ပြီး တူဖြစ်သူကို ပညာသင်ဖို့ ပညာအုပ်မင်းနှင့် ထည့်ရန်အမိန့်တော်ချလေသည်။

ထို့ကြောင့် တိုက်ချွန်းလည်းဗွေးရင်းရွာကနေ မတူပီမြို့သို့ပညာအုပ်နှင့်လိုက်ပါပြီး ကျောင်းနေခဲ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘော်ဒါဆောင်နေရသော ဗိုလ်တိုက်ချွန်း

ဗိုလ်တိုက်ချွန်းသည် ကျောင်းတက်သည့်အခါ ဘော်ဒါကျောင်းသားအနေနှင့်တက်ရလေသည်။ ကျောင်းသားအတွက် စားစရိတ်ကို သူကြီးကပို့ပေးရသည်။ ရိက္ခာကုန်လျှင် ပညာအုပ်က ရွာသူကြီးထံစာပို့အကြောင်း ကြားပေးသည်။

စာဆိုပေမဲ့ တကယ်စာမဟုတ်ပါ။ စာရွက်တရွက်မှာ မှင်နီသုတ်ပြီးပို့လိုက်ခြင်းဖြစ်သည်။ အဓိပ္ပါယ်က ရိက္ခာအမြန်မပို့လျှင် အင်္ဂလိပ်အစိုးရမင်းကြီးလေးသော အပြစ်ဒဏ်ပေးမည့် သဘောပင်ဖြစ်သည်။

## စာကြိုးစားသောဗိုလ်တိုက်ချွန်း

ရွာသူကြီးသည် သတိပေးစာရသည်နှင့် ဆန်၊ အမဲခြောက်၊ ဆတ်သားခြောက်အထုတ်အပိုးများထမ်းကာ တောင်အထပ်ထပ်ကို ဖြတ်ကျော်ပြီး မတူပီသို့



ရိက္ခာလာပို့ရသည်။

ဗိုလ်တိုက်ချွန်းသည် ဉာဏ်ကောင်းသောကလေးပီပီ မတူပီကျောင်းမှာ ကြိုးစားပြီး စာသင်သဖြင့် ၁၉၄၀ခုနှစ် တွင် စတုတ္ထတန်းကိုအောင်မြင်ခဲ့လေသည်။

အစတုန်းကတော့ ဗိုလ်တိုက်ချွန်းသည် ကံဆိုးလို့ကျောင်းရောက်လာသည်ဟုထင်ခဲ့သည်။ ခုတော့ အဲဒီလိုမထင်ခဲ့တော့ပေ။

## ဖလမ်းသို့ရောက်ရှိခြင်း

စတုတ္ထတန်းကိုအောင်မြင်သော ဗိုလ်တိုက်ချွန်းသည် ပဉ္စမတန်းမှာ ဆက်လက်ပညာသင်ကြားရန်အတွက် ဖလမ်းမြို့ကိုရောက်ရှိလာခဲ့ပြန်သည်။

ဖလမ်းမြို့တွင် ဘော်ဒါဆောင်မရှိသဖြင့် ပညာအုပ်ဦးအောင်ဒွေးအိမ်တွင် နေပြီးကျောင်းတက်ရလေသည်။

ဗိုလ်တိုက်ချွန်းသည် ဦးအောင်ဒွေးအိမ်တွင် သက်သက်သာသာမနေရပေ။ ရေခပ်၊ ထင်းခွဲ၊ အမှိုက်လှဲ၊ ပန်းကန်ဆေးစသည်ဖြင့် စားသည့်ထမင်းနှင့်တန်

www.burmeseclassic.com

www.burmeseclassic.com



အောင် အလုပ်လုပ်ရသည်။

## ကျောင်းထွက်ခြင်း

ဗိုလ်တိုက်ချွန်းသည် ပညာအုပ် ဦးအောင်ဒွေး အိမ်တွင်တည်းပြီးကျောင်းတက်ရသည်ကို ပျော်ရွှင်ခဲ့သည်။ သို့သော် ပညာအုပ်သမီးသည် သူမနှင့်ရွယ်တူနီးပါးရှိသော ဗိုလ်တိုက်ချွန်းကို အမျိုးမျိုးအနိုင်ကျင့်လေသည်။ သူမ စိတ်ဆိုးဒေါသထွက်လျှင် နားရွက်ဆွဲ၊ ခေါင်းကိုခေါက်၊ ကျောကိုထုလေသည်။

ဗိုလ်တိုက်ချွန်းသည် ပညာတတ်ချင်သဖြင့် အလုပ်လုပ်ရသည်ကို စိတ်ထဲတွင် ပင်ပန်းသည်ဟု မထင်ပေ။ ပျော်လည်းပျော်ရွှင်သည်။

သို့သော်

ယခုလို ပညာအုပ်သမီးက အမျိုးမျိုးနှိပ်စက်နေသည်ကိုတော့သည်းမခံနိုင်ပေ။ ထို့ကြောင့် ပညာအုပ်သမီးနှင့် စကားအခြေအတင်များပြီး ဦးအောင်ဒွေးအိမ်မှအပြီးအပိုင်ထွက်လာခဲ့သည်။



## ကာယ်တင်ရှင်နှင့်တွေ့ခြင်း

ဗိုလ်တိုက်ချွန်းသည် ဦးအောင်ဒွေးအိမ်မှ ထွက်လာခဲ့သော်လည်း ဘယ်သွားလို့ ဘယ်လာရမှန်းမသိပေ။ ဦးတည်ချက်ပျောက်နေသည်။ ထိုအချိန်တွင် လမ်းခရီး၌ သူ့ထက်အသက်ကြီးသော ချင်းအမျိုးသမီးတစ်ဦးနှင့်တွေ့လေသည်။

ထိုချင်းအမျိုးသမီးကဗိုလ်တိုက်ချွန်း၏ ဘဝဖြစ်စဉ်ကိုသိသောအခါ သနားသွားပြီး သူမ၏ အိမ်ကိုခေါ်လေသည်။ ထိုအခါ ဗိုလ်တိုက်ချွန်းလည်း နောင်ရေးကိုဘာမှမတွေးတော့ပဲ လတ်တလောတည်းစရာ၊ နေစရာ၊ အိပ်စရာရလျှင်ပြီးရောဆိုကာ ချင်းအမျိုးသမီးနှင့်လိုက်သွားခဲ့သည်။

## ဗိုလ်တိုက်ချွန်းနှင့်ကုလားအဘိုးကြီး

ချင်းအမျိုးသမီး၏ယောက်ျားသည် ကုလားအဘိုးကြီးဖြစ်သည်။ ကုလားဆိုမှ မုတ်ဆိတ်ဖားဖားကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကုလားအဘိုးကြီးဖြစ်သည်။

သူတို့အိမ်ကို ဗိုလ်တိုက်ချွန်းရောက်တော့ မုတ်ဆိတ်ဖားကြီးနှင့်ထိုကုလားအဘိုးကြီးက အားပါးတရပြုံးကာ ကြိုဆိုလေသည်။

ဗိုလ်တိုက်ချွန်းသည် ထိုကုလားအဘိုးကြီးကို ကြည့်ပြီး ထိတ်လန့်နေ၏။



## ကုလားအဘိုးကြီး၏ အားပေးစကား

ထို့နောက် ကုလားအဘိုးကြီးက ဗိုလ်တိုက်ချွန်းကို လိမ်လိမ်မာမာနေလျှင် စာဆက်သင်နိုင်အောင် ကူညီမည်ဟုအားပေးစကားပြောလေသည်။ ထို့ကြောင့် ဗိုလ်တိုက်ချွန်းလည်း သူတို့အိမ်တွင်နေရဲ၊ စားရဲဖြစ်လာခဲ့သည်။

နံနက်ဆိုလျှင် စောစောထကာ ချပါတီတစ်ချပ်စား၍ကြေးခွက်ကြီးအပြည့်နှင့် နွားနို့သောက်ရသည်။ ဗိုလ်တိုက်ချွန်း ထိုအိမ်တွင်ကြီးပွားနေသည်။

## ပညာပြန်သင်ခြင်း

ဒီလိုနှင့်တိုက်ချွန်းကျောင်းပြန်တက်လေသည်။ ထိုသို့ကျောင်းတက်ရာတွင်လည်း ကျောင်းဆင်းလျှင် ရေခပ်၊ အမှိုက်လှဲ ယုံလောက်သာလုပ်ရသည်။ အခြားဘာမှလုပ်စရာမရှိပေ။

## စိတ်ဝင်စားခြင်း

ဗိုလ်တိုက်ချွန်းစိတ်ထဲတွင်ကုလားအဘိုးကြီး၏

www.burmeseclassic.com

www.burmeseclassic.com



အာ လုပ်အကိုင်ကိုသိချင်နေမိသည်။ထိုကုလားအဘိုးကြီးမှာ နံနက်(၄)နာရီအိပ်ယာထပြီး အပြင်သွားကာနံနက် (၇) နာရီခန့်တွင်အိမ်ပြန်လာတက်သည်။

ထိုသို့အိမ်ပြန်ရောက်တော့လည်း **ဆေးအိုးရှူ**လိုက်၊ တရေးတမောအိပ်လိုက်နှင့်ဇိမ်ယစ်နေသည်။ ထို့ကြောင့်ဗိုလ်တိုက်ချွန်းစိတ်ထဲ ကုလားအဘိုးကြီး၏ အလုပ်အကိုင်ကို စိတ်ဝင်တစားနှင့်ပိုမိုသိချင်လာမိ၏။

## သိချင်တာသိရပြီ

ဒီလိုနှင့်မကြာမီမှာပင်ဗိုလ်တိုက်ချွန်းသည် ကုလားအဘိုးကြီး၏အလုပ်ကိစ္စနှင့် ပတ်သက်ပြီး အလွန်သိချင်သည့်အကြောင်းအရာကို သိခွင့်ကြုံလာခဲ့သည်။

တစ်နေ့ နံနက်လေးနာရီခန့်တွင် ကုလားအဘိုးကြီးကဗိုလ်တိုက်ချွန်းကိုအိပ်ယာမှလာနှိုးလေသည်။

ထို့ကြောင့်ဗိုလ်တိုက်ချွန်းလည်း အချိန်အခါမဟုတ်အိပ်ယာကအနှိုးခံလိုက်ရသဖြင့် စိတ်တိုသွားမိသည်။

ထို့နောက်ကုလားအဘိုးကြီးက အလုပ်ကိစ္စရှိ



သည်ဆိုကာ ဗိုလ်တိုက်ချွန်းကိုအိမ်နောက်ဖေးဘက်ခေါ်သွားပြီး သံပုံးနှစ်လုံးနှင့်ထမ်းပိုးကိုပေးကာထမ်း ခိုင်းခဲ့သည်။

ဒီလိုနှင့်ရှေ့ကဦးဆောင်ပြီး သွားသည့်ကုလားအဘိုးကြီးနောက်ကို ဗိုလ်တိုက်ချွန်းသည်သံပုံးနှစ်ပုံးကို ထမ်းကာလိုက်ခဲ့ရသည်။ ထိုအချိန်ထိသူ့ကို ဘာကိစ္စနှင့်ခေါ်လာမှန်းမသိသေးပေ။

## အဖြေပေါ်ပြီ

မကြာခင်အဖြေပေါ်ပါပြီ၊ အိမ်သာတစ်လုံးနောက်ကိုရောက်သည့်အခါ ကုလားအဘိုးကြီးသည် အိမ်သာအောက်ရှိ မစင်ပုံးထဲကအညစ်အကြေးများကို ဗိုလ်တိုက်ချွန်းထမ်းလာသည့်ပုံးထဲကို လောင်းထည့်လေသည်။

ထိုအခြေအနေကြောင့်ဗိုလ်တိုက်ချွန်းသည် ကုလား အဘိုးကြီးကိုချေးကျုံးကုလားကြီးမှန်းသိသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆိုးလှတဲ့အဖြစ်

ဗိုလ်တိုက်ချွန်းအဖြစ်ကတော်တော်ဆိုးသည်။ မစင်နံ့တွေနံလွန်းသဖြင့်ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပုဝါကို ထုတ်ပြီးနှာခေါင်းမှာပိတ်စည်းထားရသည်။ ဒီလိုနှင့်အိမ်သာတော်တော်များများကို လှည့်လည်ပြီး မစင်တွေကျုံးလို့ ပုံးပြည့်သွားသည့်အခါမြို့ပြင်မှာသွားသွန်ရသည်။

ထိုနေ့နံနက်ကချာပါတီနှင့်နွားနို့ကို ကုလားအဘိုးကြီးမယားချင်းမကလာပေးသော်လည်း ဗိုလ်တိုက်ချွန်း သည်စားလို့မဝင်ပဲ ထိုင်မှိုင်နေမိသည်။

ထိုအခြေအနေကိုမြင်တော့ ချင်းမကလာချော့သည်။ ဒါပေမဲ့သူမဘယ်လောက်ပင် ချော့ချော့ဗိုလ်တိုက်ချွန်း စိတ်မချမ်းသာတော့ပေ။

### အစခံရခြင်း

ဗိုလ်တိုက်ချွန်းစိတ်ညစ်ညစ်နှင့်ကျောင်းကို ထွက်လာခဲ့သည်။ ကျောင်းရောက်တော့ပိုဆိုးလေသည်။ သူ ချေးပုံး ထမ်းသည်ကိုမြင်လိုက်ရသည့် ကျောင်းသားတစ်



စုက နောက်ကနေလိုက်ပြီ"ချေးကျုံးကုလား"ဟုလှောင်ပြောင်ကြသည်။

### လိမ်ညာ၍ထွက်ခွာလာခြင်း

နောက်နေ့တွင်လည်းနံနက်စောစော ကုလားအဘိုးကြီးနှင့်ချေးကျုံးထွက်ခဲ့ရပြန်သည်။ ဒီလိုဆိုလျှင်ချေးကျုံးဘဝနှင့် လွတ်မှာမဟုတ်တော့ကြောင်း ဗိုလ်တိုက်ချွန်း နားလည်သွားတော့သည်။

ထို့ကြောင့်ချင်းမကို"အမေနေမကောင်းလို့ ရွာကိုပြန်မည်"ဟုလိမ်ပြောကာထိုအိမ်မှထွက်လာခဲ့သည်။

### စစ်သားဖြစ်ခြင်း

လမ်းတွင်ထင်းကန်ထရိုက်ကုလားဘိုင်ရစ်နှင့်တွေ့ရသဖြင့် ကူလီခေါင်းလုပ်ရန်သူ့အိမ်ကို လိုက်သွားလေသည်။

ထို့နောက် ဘိုင်ရစ်အိမ်တွင်ကူလီခေါင်းလုပ်ရင်းမြှောက်ပေးမှုကြောင့် အင်္ဂလိပ်စစ်တပ်ကိုဝင်ရန် ဘိုင်ရစ်၏မိတ်ဆွေမေဂျာမကိုက်ထံသွားတွေ့ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မဂျောမကိုက်သည်စစ်သားစုဆောင်းရေး အရာရှိဖြစ်သည်။ "အသက်ငယ်သေးပေမဲ့ဖြစ်အောင်လုပ်ပေးမယ်"ဟုပြောသဖြင့်မန္တလေးကို လိုက်ခဲ့ရသည်။

မန္တလေးရောက်တော့ မဂျောမကိုက်အကူအညီဖြင့် ဗိုလ်တိုက်ချွန်းစစ်သားဖြစ်ခဲ့လေပြီ။

## ခွင့်တောင်းခြင်း

ပထမတွင် ဘင်ခရာတစ်ဖွဲ့ကိုဝင်ပြီး ဘင်ခရာတီးသည်။ ၁၉၄၁ခုနှစ်တွင် ဂျပန်နှင့် အင်္ဂလိပ်တို့စစ်တိုက်ကြသဖြင့် မြန်မာပြည်အနှံ့စစ်ဒဏ်ခံကြရလေသည်။ စစ်ပွဲတွင် အင်္ဂလိပ်တွေ မရှုမလှရှုံးနိမ့်ခဲ့သဖြင့် အိန္ဒိယပြည်ကို ဆုတ်ခွာခဲ့ကြရသည်။

ထိုအခါဗိုလ်တိုက်ချွန်းက အိန္ဒိယပြည်ကို လိုက်ပါရန် မဂျောမကိုက်ထံမှာ ခွင့်တောင်းလေသည်။

မဂျောမကိုက်ထံက လမ်းတွ[illegible]ရမည့် ခရီးလမ်းအခက်အခဲများကိုပြောပြပေမဲ့ ဗိုလ်တိုက်ချွန်းသည် အိန္ဒိယပြည်ကို လိုက်လာခဲ့သည်။



## ကြမ်းတမ်းသောခရီးလမ်း

ရေဦးမြို့မှ အိန္ဒိယပြည်၊ အိန္ဒိယပြည်မှ အင်ဖာမြို့အထိ တောတောင်လမ်းခရီးကို ခြောက်ရက်ကြာသွားရလေသည်။ သေနတ်တွေ၊ ကျည်ဆံတွေ၊ အဝတ်အစားတွေမှာ လေးလံလွန်းအားကြီးသဖြင့် အားလုံးကို စွန့်ထားခဲ့ပြီး ရေဗူးတစ်လုံးသာ ယူလာခဲ့သည်။

လမ်းတွင် ထမင်းချက်စားရန် အချိန်မရပေ၊ ထို့ကြောင့် ရေဗူးထဲကို ဆန်များထည့်ကာ၊ ဆန်နှင့်ရေထိပြီး ပွလာတော့မှ ဝါးစားရင်းဗိုက်ဖြည့်ရသည်

## သေနတ်ခိုးခြင်း

ဒီလိုနှင့် အင်ဖာမြို့မရောက်မီ တောထဲတွင် လမ်းဖောက်နေကြသည့် အိန္ဒိယချွေးတပ်သားများကို တွေ့ရ၏၊ သူတို့သည်သေနတ်များကို သစ်ပင်တွေမှာ စီထောင်ထားရင်း အိပ်နေကြသည်။ ထို့ကြောင့် ဗိုလ်တိုက်ချွန်းသည် သူတို့သေနတ်များထဲမှ တစ်လက် သွားခိုး ယူလာခဲ့သည်။ ထိုသေနတ်နှင့်ပင်တောတောင်တွေကိုသတ်ဖြတ်ပြီး ဟင်းစားရှာကာ ခရီးဆက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရသည်။

## အိန္ဒိယပြည်ကိုရောက်ခြင်း

ထို့နောက် မကြာမီမှာပင် အိန္ဒိယပြည်ကို ရောက်ရှိလာခဲ့သည်။ အိန္ဒိယမှ အရာရှိများက မြန်မာစစ်သားများကို အင်ဖာမြို့မှ စစ်သုံးရွက်ထည် တဲကြီးများဖြင့်နေစေသည်။ ဗိုလ်တိုက်ချွန်းတို့သည် အိန္ဒိယပြည်တွင် သက်သက်သာသာမနေရပေ။စစ်ပညာများကို စနစ်တကျသင်ရသည်။ မြန်မာပြည်ကို ပြန်လည်တိုက်ယူရာတွင် အရေးပါသည့် စစ်သားများဖြစ်စေရမည်။ မြန်မာပြည်ကို စစ်ချီတက် မည့် ဗိုလ်ချုပ်ဝင်းဂိတ်၏ ချင်းဒစ်တိုက်ခိုက်ရေးတပ်ဖွဲ့ တွင် ဗိုက်တိုက်ချွန်းသည် တာဝန်ကျသည်။ ထိုတပ်အတွက် ထောက်လှမ်းရေးတာဝန်ယူရသည့်အထဲတွင် သူပါသည်။

## မြန်မာပြည်ကို ပြန်ရောက်ခြင်း

ထစ်ညတွင် ဗိုလ်တိုက်ချွန်းတို့အဖွဲ့သည် ဂလိုက်ဒါ (ခေါ်)စက်မဲ့လေယာဉ်ဖြင့် ကာလကတ္တားမြို့မှ ထွက်လာခဲ့ကြပြီး မြန်မာပြည်မော်လိုက်မြို့မှ ၁၇မိုင်အကွာ၊ တောတွင်းတစ်နေရာတွင် ဆင်းသက်လိုက်ကြသည်။



သူတို့အဖွဲ့၏ခေါင်းဆောင်မှာ မေဂျာမာတင်ဖြစ်သည်။ ထိုအဖွဲ့ထဲတွင် တပ်ကြပ်ကြီးဟာမန်း၊ တပ်ကြပ်ကြီးကာမတ်၊ စောသာထွေး၊ ထွန်းမြို့၊ တင်ဘော်ဂန်း၊ ပါပေါ်ရား၊ ထန်ဟေးရား၊ ဗိုလ်တိုက်ချွန်း စသည့်လူမျိုးပေါင်းစုံ ကိုးဦးပါရှိလေသည်။

## တာဝန်

သူတို့၏ တာဝန်မှာမြစ်ကြီးနားက ဂျပန်တပ်သားများ၏ အသွားအလာကို ထောက်လှမ်းပြီး ဗိုလ်ချုပ်ဝင်းဂိတ်ထံသို့ သတင်းပြန်ပို့ရမည်ဖြစ်သည်။

သူတို့အဖွဲ့သည် တောထဲတွင် မြန်မာလိုဝတ်ပြီး သတင်းထောက်လှမ်းရသည်၊ ထင်းခုတ်သမားဟန်ဆောင်၍ ရန်သူအခြေအနေကို စုံစမ်းရသည်။ ရလာသည့် သတင်းများကို မှတ်သားပြီး ဝိုင်ယာလက် စက်ဖြင့် သတင်းပြန်ပို့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝိုင်ယာလက်စက် အသုံးပြုပုံ

ဝိုင်ယာလက်ကို သုံးသည့်အခါ ပထမဆုံးစက်ကို ဖွင့်ရသည်။ ထို့နောက်အတူပါသော ဂျင်နရေတာခေါ် ဓါတ်အားပေးစက်ကို သစ်ပင်မှာချည်ပြီး လူကလက်ဖြင့် လှည့်ပေးရသည်။ ဂျင်နရေတာလည်ဖန်များတော့ လျှပ်စစ်ဓါတ်အားရလာသဖြင့် ကြိုးမဲ့ကြေးနန်းပို့နိုင်ပြီ။

## လိုအပ်သည့်စက်ကရိယာများ ပို့ဆောင်နည်း

သူတို့သွားသည့်ခရီးလမ်းသည် တောင်ဆင်း၊ တောင်တက်များနေလျှင် ဆက်သွယ်ရေးပစ္စည်းများကို မြေကျင်းနက်နက်တူးပြီး မြှုပ်နှံခဲ့ရ၏ မြေမမြှုပ်ခင် အိန္ဒိယသို့ သတင်းပို့ပြီး ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်အချိန်မှာ ပစ္စည်းတွေကို လေယာဉ်ဖြင့် ချပေးရန် မှာကြားရသည်။

ထို့နောက်တစ်တောင်ဆင်း၊ တစ်တောင်တက် ခရီးဆက်ပြီး ချိန်းဆိုထားသည့်နေရာရောက်လျှင် ညအခါ်ပစားခေါ်မည် လေယာဉ်ကိုစောင့်ရသည်။



အချိန်ကျရောက်လာလျှင် စပစ်ဖိုင်းယားခေါ် တိုက်လေယာဉ်ခြောက်စီးရောက်လာသည်။

ထိုခြောက်စီးထဲမှ တစ်စီးသည်မြေပြင်ကို ထိုးဆင်းလိုက်၊ ပျံတက်သွားလိုက်လုပ်နေ၏

ထိုအချိန်တွင် မြေပြင်မှ သူတို့အဖွဲ့က မီးဖိုပြီး အချက်ပြရသည်။ ထိုအခါမှသာ ၄င်းလေယာဉ်သည် သုံးလေးကြိမ်ဝဲလမ်းစိုက်ဆင်းပြီး နောက်ဆုံးအကြိမ်တွင် သံပုံးကြီးတလုံးကို ပစ်ချပေးသွားသည်။

ထိုသို့ လေယာဉ်က သုံးလေးကြိမ်ကွေ့လမ်းစိုက်ဆင်း နေပုံကို အဝေးကမြင်လျှင်စက်သေနတ်ပစ် ဗုံးကျဲရန် တိုက်လေယာဉ်က မြေပြင်ကိုထိုးဆင်းလေ့လာနေသည် ဟု ထင်ကြမည်။

## သတင်း၏အရေးပါပုံ

သူတို့အဖွဲ့သံပုံးကြီးကို ဖွင့်လိုက်သည့်အခါ ဂျင်နရေတာဝိုင်ယာလက်စက်၊ ရိက္ခာပစ္စည်းတွေ အစုံ ပါလာသည်။ ထိုပစ္စည်းများ မှက်ွဲမရှအောင် သေတ္တာအတွင်း အခုအခံဖော့များ ထည့်ထားသည်။

www.burmeseclassic.com

ထို့နောက် သူတို့သည် မောလိုက်ခရိုင်မှ ဂျပန်တပ်များ၏ အသွားအလာကို ဗိုလ်ချုပ်ဝင်းဂိတ် ဌာနချုပ်ကို အမြဲတန်းသတင်းပို့နိုင်ခဲ့သည်။

သူတို့ပို့သော သတင်းများပေါ် အခြေတည်ပြီး လေတပ်မတော်က ဂျပန်စခန်းများကိုဗုံးကြဲ ဖြိုခွင်းခဲ့သည်။

ထို့ကြောင့် ဂျပန်တပ်များအထိနာခဲ့ကြသည်။ ဗိုလ်မှူး ဝင်းဂိ ၏ ချင်းဒစ်တိုက်ခိုက်ရေးတပ်များ၏ ထိုးစစ်သည်မျှော်မြင်သင့်သလောက် အောင်မြင်ခဲ့ပေသည်။

## အိန္ဒိယသို့ပြန်ရခြင်း

ထိုသို့ ရန်သူကို ထောက်လှမ်းချေမှုန်းနေချိန်တွင် ဗိုလ်ချုပ်ဝင်းဂိတ် လေယာဉ်ပျက်ကျသေဆုံးခဲ့လေသည်။ ထို့ကြောင့် ချင်းဒစ်ထိုးစစ်ကို ပြန်လည်ရုပ်သိမ်းခဲ့ရ၏။ သူတို့ထောက်လှမ်းရေးတပ်ဖွဲ့လည်း အိန္ဒိယကို ပြန်ခဲ့ရ



သည်။

ထိုအပြန်ခရီးကား ပင်ပန်းလှသည်။ မြန်မာ၊ အိန္ဒိယနယ်စပ် ဆွပ်ပရာဘုံမြို့အနီး လေသူရွာလေဆိပ်ကို ခြေလျင်သွားရသည်။ ထိုမှတဆင့် အိန္ဒိယကို လေယာဉ်ဖြင့်ပြန်ခဲ့ရသည်။

## ဒုတိယအကြိမ်ထောက်လှမ်းရခြင်း

ကာလကတ္တားကိုပြန်ရောက်ပြီး တစ်လမကြာခင်မှာပင် နောက်ထပ်ထောက်လှမ်းရေး စီမံကိန်းတစ်ခုပေါ်လာသည်။ စစ်ရေးကိစ္စများ အရေးကြီးလာသဖြင့် သူတို့ ချက်ချင်းပင် ခရီးထွက်ရန်ပြင်ဆင်ရသည်။

သူတို့စီမံကိန်းသည် စစ်တကောင်းဘက်က မြန်မာပြည်ကိုဝင်ပြီး ဂျပန်တပ်များကို နောက်ပိုင်းက ထောက်လှမ်းဖို့ပင်ဖြစ်သည်။

ထို့နောက် ကာလကတ္တားမှ ပါကစ္စတန်ပြည်၊ စစ်တကောင်းမြို့ကို သင်္ဘောဖြင့်ထွက်ခွာလာခဲ့ကြသည်။

www.burmeseclassic.com



## အဆင့်ဆင့် ခရီးဆက်ရပုံ

စစ်တကောင်းကို ရောက်သည့်အခါ၊ ထိုမှတဆင့် ရမ်းကဗါတီး၊ နောက်လူရှေ့ပြည်နယ်၊ လုံးလယ်မြို့ စသည်ဖြင့် ချင်းတောင်ဒေသကို ခက်ခဲစွာဖြင့် ခရီးဆက်ခဲ့ရသည်။

ချင်းတောင်ကို ရောက်ပြန်သော်လည်း ဟားခါးမြို့မှ စူဖွား၊ ဂန့်ကား၊ ဖလမ်းတီးဒင်မြို့များအထိ ခြေလျင်ခရီး ဆက်ခဲ့ရပြန်သည်။

ထိုအချိန်တွင် ကလေးမြို့ကို ဂျပန်များသိမ်းထားပြီးဖြစ်သည်။

## နောက်ကြောင်းပြန်ဆုတ်ရခြင်း

သူတို့သည် တောထဲတွင် စခန်းချပြီး ဂျပန်တပ်များ၏ အသွားအလာကို သတင်းထောက်လှမ်းလေသည်။ တစ်နေ့တွင် တီးဒင်မြို့မှ မိုင်လေးဆယ်ခန့်ဝေးသောတောထဲကို သူတို့ရောက်ရှိသွားကြသည်။

ထို့နောက် ဗိုလ်တိုက်ချွန်းနှင့် တပ်ကြပ်ကြီးဟာမန်း တို့ ခေါင်းဆောင်ပြီး ရဲဘော်ငါးဦးခန့် ရုပ်ဖျက်ပြီး



သတင်းထောက်လှမ်းရန် ထွက်ခွာလာခဲ့ကြသည်။

တစ်နေရာတွင် ရှေ့ဆုံးမှသွားသော ရဲဘော်တင်ဘော်ဂမ်တို့သည် ဂျပန်ကင်းပုန်းတပ်ဖွဲ့နှင့်တိုးမိလေသည် သူတို့ကို ဂျပန်တွေက ရှာဖွေသည့်အခါ လမ်းပြအိမ်မြှောင်နှင့် ဒေသမြေပုံတချပ်တွေ့သွားကြသည်။ ထို့ကြောင့်ဂျပန်တို့က အမျိုးမျိုးစစ်မေးလေသည်။ ထိုအခါအသားအနာ မခံနိုင်သော ရဲဘော်တင်ဖေတို့က အမှန်တရားကိုထုတ် ဖော်ဝန်ခံကြသည်။

ယင်းအခြေအနေကြောင့် တောင်ပေါ်မှပုန်းကွယ်ကြည့်နေသော ဗိုလ်တိုက်ချွန်းတို့သည် နောက်ကြောင်းပြန်လှည့်ပြေးခဲ့ရသည်။

နောက်ပိုင်းတွင် ဂျပန်နှင့် ဗိုလ်တေဇဦးစီးသည့် BIA တပ်များပူးပေါင်းကာ ဖလမ်း-တီးဒင်၊ ဟားခါးမြို့များကို သိမ်းယူခဲ့ကြသဖြင့် ဗိုလ်တိုက်ချွန်းတို့သည် မဏိပူရအာသံမှ အိန္ဒိယပြည်ကို ကုန်းလမ်းမှကားဖြင့် ပြန်ခဲ့ကြ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂျပန်တို့စစ်ရှုံးပြီးနောက်

၁၉၄၄ခုနှစ် ကုန်ဆုံးသွားခါနီးအချိန်တွင် ဂျပန်တို့စစ်အရှုံးကြီးရှုံးနေပြီ၊ ထိုအချိန်တွင် မဟာမိတ်တပ်များက အတင်းအကြမ်းဖိတိုက်၍အနိုင်ကိုဆင်နွဲနေသည်။

၁၉၄၅ခုနှစ်ဖေဖော်ဝါရီလလွန်တွင် မေဂျာမာတင်ဦးဆောင်သော ရဲဘော်တစ်ဆယ့်နှစ်ဦးပါရှိသည့် ဗိုလ်တိုက်ချွန်းတို့အဖွဲ့သည် မြန်မာပြည်ကို လေထီးဖြင့်ဆင်းရန် ဆုံးဖြတ်လိုက်ကြသည်။

## လေထီးခရီးစဉ်

ထို့ကြောင့်သူတို့အဖွဲ့သည် လေယာဉ်ဖြင့်ထွက်ခွာလာခဲ့ရာ ညတစ်ဆယ့်နှစ်နာရီအချိန်တွင် မြန်မာပြည်၏ သံလွင်မြစ်ဖျား တစ်နေရာတွင်လေထီးဖြင့် ဆင်းကြလေသည်။

စုရပ်တွင် ရဲဘော်တစ်ဆယ့်နှစ်ဦးနှင့်မေဂျာမာတင်တို့ဆုံမိပြီး အာရုဏ်မတက်မီ ဝါးဖောင်ကြီးတစ်ခုချက်ချင်းလုပ်ကာ သံလွင်မြစ်ကိုဖြတ်ကူးခဲ့ကြသည်။



## စခန်းချထောက်လှမ်းဖို့ကြိုးစားခြင်း

သူတို့သည် မေမြို့အနီးရှိတောကြီးထဲကို ရောက်သည့်အခါကျောက်တောင်ကြီး တစ်လုံးကိုအမှီပြုပြီး တောင်ကြားမှာအိမ်လုပ်ကာ စခန်းချကြလေသည်။

ထို့နောက်မေမြို့လေယာဉ်ကွင်းရှိ ဂျပန်တပ်များ၏အခြေအနေကို ထောက်လှမ်းရန် မေဂျာမာတင်က ဗိုလ်တိုက်ချွန်းနှင့်ရဲဘော်ကူးမှတ်တို့ကို တာဝန်ပေးလိုက်လေသည်။

ဗိုလ်တိုက်ချွန်းနှင့်ရဲဘော်ကူးမှတ်တို့သည် မေမြို့အနီးရှိရှမ်းအမျိုးသားကြီးတစ်ဦး၏ တောင်ယာလုပ်ငန်းတွင် ကူညီလုပ်ကိုင်ပေးရင်း ဂျပန်လေယာဉ်ကွင်းတွင် အလုပ်ရဖို့ကြိုးစားလေသည်။

## လေယာဉ်ကွင်းတွင် အလုပ်ရခြင်း

ထို့နောက် ရှမ်းကြီး၏ တောင်ယာလုပ်ငန်းတွင် ကူညီလုပ်ကိုင်ရင်း အသားတွေ ညိုမဲလာတော့မှ လေယာဉ်ကွင်းက ဂျပန်ဗိုလ်ကြီးထံသွားပြီး အလုပ်တောင်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ဗိုလ်ကြီးသည် သူတို့နှစ်ယောက်ကို သေသေချာချာစစ်ဆေးပြီး ကချင်လူမျိုးများ ဖြစ်မှန်းသိသွားသဖြင့် ဂျပန်လေယာဉ်ကွင်းတွင် တစ်နေ့တစ်ဆယ့် နှစ်ကျပ်နှင့် အလုပ်ခန့်လိုက်သည်။

**ထောက်လှမ်းရေးနှင့် ချေမှုန်းရေး**

သူတို့နှစ်ယောက်သည် ဂျပန်လေယာဉ်ကွင်းတွင် အလုပ်လုပ် ရင်းတောထဲရှိ လျှို့ဝှက်စခန်းမှ တစ်ဆင့် အိန္ဒိယပြည်ကို သတင်းပို့ကြလေသည်။

သူတို့၏သတင်းပို့ချက်ကြောင့် ဂျပန်လေယာဉ် ကွင်းရှိ ဂျပန်စစ်တပ်များ၊ ဂျပန်ကုန်တင်ကားများ၊ ချေမှုန်းခံခဲ့ရသည်။

ထို့နောက်ပြောင်းရွှေ့သွားသည့် ဂျပန်စစ်မီးရထားသတင်းကိုလဲပို့ပေးလိုက်ရာ ဂျပန်စစ်သားများပုံးဒဏ်ထိသွားကြသည်။

**ကူညီကိုဆုချီးမြှင့်ခြင်း**

ဗိုလ်တိုက်ချွန်းတို့သည်သူတို့ကို ကူညီသောရှမ်းအမျိုးသားကြီးကိုတောစခန်းနေရာသို့ ခေါ်သွားလေ



သည်။ ထို့နောက်မေဂျာမာတင်က ငွေစက္ကူနှင့် ရွှေဒင်္ဂါးများကို ဆုချီးမြှင့်လေသည်။

**ရရှိခဲ့သောဘွဲ့တံဆိပ်**

တစ်နေ့တွင်ကချင်တပ်ရင်းနှင့် အမေရိကန်တပ်ရင်းတို့ပူးပေါင်းထားသော မဟာမိတ်တပ်မတော်က မေမြို့ကို ဝင်တိုက်လေသည်။ ဂျပန်တို့၏အခြေအနေကို ဗိုလ်တိုက်ချွန်းတို့က ထောက်လှမ်းပြီးသတင်းပို့ရသည်။

ဂျပန်တွေဆီမှာ အလုပ်လုပ်ရင်းသက်စွန့်ဆံ ဖျားရယူသောစစ်သတင်းတွေက တန်ဖိုးရှိလှ၏။

နောက်ဆုံးမှာတော့မေမြို့ကို မဟာမိတ်တပ်များသိမ်းပိုက်အောင်ပွဲခံနိုင်ခဲ့သည်။

ထိုနောက်မှာတော့မေမြို့ကို မဟာမိတ်တပ်များသိမ်းယူပြီးသောအခါ တိုက်ချွန်းတို့အဖွဲ့သည် ကာလကတ္တားသို့လေယာဉ်ဖြင့် ပြန်သွားကြလေသည်။

ကာလကတ္တားကို ရောက်သောအခါ တိုက်ချွန်းသည် မြန်မာပြည်စစ်မှုထမ်းကောင်းဆု BGM ဘွဲ့တံဆိပ်ချီး

www.burmeseclassic.com

www.burmeseclassic.com



မြှင့်ခံခဲ့ရသည်။

## ရာထူးတိုးခြင်း

၁၉၄၅ခုနှစ် ဂျပန်များမြန်မာမြေပေါ်မှမောင်းထုတ်ခဲ့ပြီးသည့်နောက် ဗိုလ်တိုက်ချွန်းသည်တပ်ကြပ်ရာထူးတိုးမြှင့် ခန့်ထားခြင်းခံရသည်။ ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားခေါင်းဆောင်ကြီးအဖြစ် လူထုတစ်ရပ်လုံး၏ တခဲနက်ထောက်ခံ ကြည်ညိုမှုကို ရရှိနေချိန်ဖြစ်သည်။

## ဗိုလ်ချုပ်အောင်ဆန်းနှင့်တွေ့ဆုံခြင်း

တစ်နေ့တွင်ထောက်ကြန့်အနီးပေါက်ကုန်းရွာတွင် စခန်းချထားသော ဗိုလ်တိုက်ချွန်းတို့၏ ချင်းသနကတစ်ကို ဗိုလ်ချုပ်အောင်ဆန်းလာရောက်မည့်အကြောင်းနှင့် အလေးပြုကြိုဆိုရန် ဗိုလ်မှူးကပ်ကျောင်းက အမိန့်ပေးလေသည်။

ထို့ကြောင့် ဗိုလ်တိုက်ချွန်းလည်း ကင်းတပ်ဖွဲ့ကို ခါးပတ်၊ သေနပ်များပြောင်အောင်တိုက်ပြီး အသင့်ပြင်ထားလိုက်စေသည်။ သူကိုယ်တိုင်လဲ ဗိုလ်ချုပ်အောင်



ဆန်းလာမည့်လမ်းကို ပြောင်အောင်တံမြက်စီးလှဲထားလေသည်။

ဒီလိုနှင့် မွန်းတည့်တစ်ဆယ့်နှစ်နာရီခန့်တွင် ပင်နီတိုက်ပုံနှင့်လူတစ်ဦး တုတ်ကောက်တချောင်းကိုင်ပြီး တပ်ဝင်းကိုရောက်လာသည်။

ထိုလူက ဗိုလ်တိုက်ချွန်းဆီမှာ တပ်ထဲဝင်ခွင့်တောင်းလိုက်သည်။ သို့သော် လူကြီးတစ်ဦး လာမှာဖြစ်တာကြောင့် ဗိုလ်တိုက်ချွန်းလည်းဝင်ခွင့်မပေးဘဲ လမ်းပေါ်တွင် ခြေရာထင်မှာစိုးသဖြင့် လမ်းဘေးဆင်းရပ်ခိုင်းသည်။

ထိုလူက ဗိုလ်တိုက်ချွန်းဆီမှ ဝင်ခွင့်မရသဖြင့် မေဂျာကပ်ကိုခေါ်ခိုင်းလေသည်။

ဗိုလ်တိုက်ချွန်းသည် မရယ်မပြုံးနှင့်ရပ်နေသည့် တောသားဂိုက်ဆိုက်နှင့် ထိုလူကို မကျေနပ်ပေမဲ့ ဗိုလ်မှူးကပ်ကျောင်းကို သွားရောက်သတင်းပို့လေသည်။

ထိုအခါ ဗိုလ်မှူးကပ်ကျောင်းက ဗိုလ်တိုက်ချွန်းပြောသည့် လူပုံသဏ္ဌာန်ကိုနားထောင်ပြီး ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်းမှန်းသိရှိသွားလေသည်။

## ချီးကျူးခံရခြင်း

ထိုအခါ ဗိုလ်တိုက်ချွန်းလည်း ဗိုလ်ချုပ်အောင်ဆန်းကို ဗိုလ်ချုပ်အောင်ဆန်းမှန်းမသိပဲ မောက်မောက်မာမာဆက်ဆံမိသဖြင့် ငယ်ထိပ်မြွေပေါက်သလို ခံစားလိုက်ရသည်။ သူ၏ စိတ်ထဲတွင် ဗိုလ်ချုပ်ဆိုသည့် ရာထူးအရှိန်အဝါနှင့် ဟိတ်ကြီး၊ ဟန်ကြီးဖြင့် လာမည်ဟုထင်နေမိ၏။

ထို့ကြောင့် အထိတ်ထိတ်၊ အလန့်လန့်နှင့် ကင်းတပ်ဖွဲ့ကို တန်းစီပြီး ဗိုလ်ချုပ်အောင်ဆန်းကို အလေးပြုလိုက်လေသည်။

ဗိုလ်ချုပ်ကို လမ်းဘေးရပ်ခိုင်းခဲ့သော ဗိုလ်တိုက်ချွန်း သည် ထိတ်လန့်ပြီး ချွေးပြန်နေချိန်တွင် ဗိုလ်ချုပ်က ဗိုလ်တိုက်ချွန်း၏ တာဝန်ကျေပွန်မှုကို အသိအမှတ်ပြုကာ ချီးကျူးလိုက်သဖြင့် ဗိုလ်တိုက်ချွန်းတစ်ယောက် ရင်ထဲက စိုးရိမ် ပူပန်မှုကြီး ငြိမ်းအေးသွားလေသည်။



## တပ်ကြပ်ကြီးအဖြစ်ရာထူးတိုးမြှင့်ခြင်းခံရခြင်း

၁၉၄၇ ခုနှစ်သည် ဗိုလ်တိုက်ချွန်းအဖို့ မင်္ဂလာရှိသော နှစ်တစ်နှစ်ဖြစ်သည်။ သူသည် ထိုနှစ်မှာပင် တပ်ကြပ် ကြီးရာထူးအဖြစ် တိုးမြှင့်ခန့်အပ်ခြင်းခံရလေသည်။ ထို့နောက် ရခိုင်ပြည်နယ်မြေပုံမြို့ ချင်းသနက (၁)တွင် တာဝန်ကျလေသည်။

## တိုက်ပွဲဖြစ်ခြင်း

တစ်နေ့တွင် ဗိုလ်တိုက်ချွန်းသည် နှစ်တန်းဘား၊ ဘားကျွမ်းကစားနေစဉ် တိုက်ခွဲရုံး၏အနောက်ဂိုက် ၃၀၀ ခန့်ရှိ တောင်ကုန်းပေါ်မှ သောင်းကျန်းသူတို့ ပစ်လွှတ်လိုက်သည့် ကျည်ဆန်များ သူ့ဆီကို တရစပ်ပင် ရောက်ရှိလာသည်။

ထိုအချိန်တွင် သူတို့တပ်မှာ တိုက်ကင်းထွက်နေကြသဖြင့် အင်အားအနည်းငယ်သာ ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## စစ်ပရိယာယ်သုံးခြင်း

ဗိုလ်တိုက်ချွန်းသည် တပ်သားများကို ကျည်ကွယ် ရာမှာ နေရာယူစေပြီး ရန်သူကို ပြန်မပစ်ရန်အမိန့်ပေး လိုက်ပြီး အခြေအနေကို အကဲခပ်လေ့လာလေသည်။

ထိုသို့ ဗိုလ်တိုက်ချွန်းတို့ဘက်မှ တစ်ချက်မှပြန်မပစ်ပဲ ငြိမ်နေသည်ကိုတွေ့ရသဖြင့် ရန်သူတို့သည် ညာသံပေး၍တောင်ပေါ်မှ ပြေးဆင်းလာလေသည်။

## အောင်မြင်သော စစ်ဆင်ရေး

ဒီလိုနှင့် ရန်သူသောင်းကျန်းသူတို့သည် ဗိုလ်တိုက်ချွန်းတို့အနီးကို ရောက်ရှိလာခဲ့ပြီး သူတို့၏ပစ်ကွင်း ထဲကို ဝင်လာခဲ့၏။ ထို့ကြောင့် ဗိုလ်တိုက်ချွန်းလည်း အခြေအနေကို ကြည့်ကာ သေချာပြီထင်သည့် အချိန်တွင်“ပစ်” ဟုအမိန့်ပေးလိုက်သဖြင့် ရန်သူတို့ အငိုက်မိသွား ကြသည်။

အမှန်စင်စစ် ဗိုလ်တိုက်ချွန်းတို့၏ လူအင်အားသည် လေးဆယ်လောက်သာရှိသည်။ သို့သော်



စစ်သည်လေးသောင်းနှင့် ညီမျှသော သူတို့၏ တိုက်ခိုက်ရည်စွမ်းရည် နှင့် စစ်ပရိယာယ်ကြောင့် ထောင်နှင့်ချီပြီးတက်လာကြသည့် ရန်သူတို့ အထိနာကာ အလဲလဲအကွဲ ကွဲနှင့် ထွက်ပြေးကုန်ကြသည်။ တိုက်ပွဲတွင် ကျရှုံးသွား သူများကို တောင်ပြန်လည်မသယ်ဆောင်နိုင်သည် အထိဖြစ်ကုန်ကြသည်။

ထိုတိုက်ပွဲကို နိဂုံးချုပ်သော် ရန်သူဘက်မှ ခြောက်ဆယ်ခန့် ကျရှုံးပြီး၊ ထွက်ပြေးရင်းစွန့်ခွာခဲ့ကြသည့် လက်နက်သုံးရာခန့်ကို သိမ်းဆည်းရရှိမိခဲ့သည်။

## နေရာသစ်ကိုခြေချရခြင်း

ထိုသို့တိုက်ပွဲဖြစ်ပွားပြီး မကြာခင်မှာဗိုလ်တိုက်ချွန်း တို့တပ်သည် မြေပုံမြို့မှ ကော့ချောင်းရွာကို ပြောင်းရွှေ့ခဲ့ ရသည်။ ထိုကော့ချောင်းရွာတွင် မျက်နှာဖြူစစ်ဗိုလ်တစ် ဦးရှိလေသည်။ ၄ င် း သ ည် သူခေါ်သည့်အခါတပ်သားများက 'ဘုရှေး'ဟု ထူးရသည်။ အကယ်၍ ဘုရားမထူးပါ ထပါးရိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ပေးလေ့ရှိသည်။

## တွေ့ဆုံခြင်း

ဗိုလ်တိုက်ချွန်းသည် ကျောင်းချောင်းရွာကိုရောက်သောအခါ ၄င်းမျက်နှာဖြူစစ်ဗိုလ်နှင့်တွေ့လေသည်။

တစ်နေ့တွင် ၄င်းမျက်နှာဖြူစစ်ဗိုလ်လာသည့်အချိန်၌ ဗိုလ်တိုက်ချွန်းက ကျွန်မျိုးမဟုတ်၍ခေါ်လျှင် ဘုရားမထူးနိုင်ကြောင်း၊ ဘုရားမထူးလို့ သူ့ပါးကိုရိုက်ပါက၊ ၄င်းပါးကိုလဲ ပြန်လည်ရိုက်မည်ဖြစ်ကြောင်း မကြားတကြားနှင့် ပြောလေသည်။

ဗိုလ်တိုက်ချွန်းသည် ပြောသည့်အတိုင်းပင် မျက်နှာဖြူ စစ်ဗိုလ်ကခေါ်သောအခါ ဘုရားမထူးပဲ 'ခင်ဗျာ'ဟု သာထူးခဲ့သည်။

ဒီတစ်ခါတော့ မျက်နှာဖြူစစ်ဗိုလ်သည် ဘာစိတ်ကူးပေါက်သွားသည်မသိ၊ ဗိုလ်တိုက်ချွန်းကိုပါးလည်း မရိုက်၊ ဘာမှလည်းမပြောပဲ လှည့်ထွက်သွားလေသည်။



## လွတ်လပ်ရေး အရသာခံစားရခြင်း

၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့နံနက် ၄နာရီ မိနစ်၂၀တွင် မြန်မာတစ်နိုင်ငံလုံးကို လွတ်လပ်ရေးကြေငြာခဲ့သည်။

ထို့ကြောင့် ဗိုလ်တိုက်ချွန်းတို့သည် ပျော်လွန်းသဖြင့် ခေါင်ရည်အဝသောက်ကာ သေနပ်များပစ်ဖောက်ပြီး မျက်နှာဖြူစစ်ဗိုလ်များကို စောင်းချိတ်အော်ဟာစ်ကြလေသည်။

## ရန်ကုန်သို့ရောက်ရှိခြင်း

ဒီလိုနှင့် လွတ်လပ်ရေးရပြီးနောက် ဗိုလ်တိုက်ချွန်းတို့တပ်သည် ရန်ကုန်သို့ပြောင်းရလေသည်။ ထိုသို့ ရန်ကုန်ပြောင်းပြီးမှ ဗိုလ်တိုက်ချွန်းသည် တပ်မတော်မှတ်တမ်းရုံးတွင် တပ်ထိန်းတပ်ကြပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရလေသည်။

မှတ်တမ်းရုံးတွင် တာဝန်ထမ်းဆောင်နေစဉ် ဗိုလ်တိုက်ချွန်းသည် ရဲဘော်များကို မော်တော်ဆိုင်ကယ်စီး သင်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆေးရုံရောက်သွားသော ဗိုလ်တိုက်ချွန်း

တစ်နေ့တွင် ဗိုလ်တိုက်ချွန်းသည် မင်္ဂလာဒုံဘက်သို့ မော်တော်ဆိုင်ကယ်စီးရဲဘော်များကို ဆိုင်ကယ်စီးသင်ပေးနေစဉ် ရှေ့ဆုံးမှ ခပ်မြန်မြန်စီးလာသော ဗိုလ်တိုက်ချွန်းသည်ကားတစ်စီးလာနေတာကိုမြင်သဖြင့် ရဲဘော်များကို သတိပေးလိုက်သည်။

ထိုသို့ သတိပေးပြီး ခေါင်းပြန်အလှည့်တွင် ကံဆိုးစွာဖြင့် ကုန်တင်ကားကြီးနှင့်အရှိန်ပြင်းစွာ တိုက်မိကာ ဆိုင်ကယ်ကကားဘီးအောက်ရောက်သွားပြီး လူကကောင်းကင်ကို မြောက်တက်သွားလေသည်။

ထို့နောက် မြေပြင်သို့ပြန်အကျတွင် ကတ္တရာလမ်းနှင့်ကိုင်ရိုက်သလိုဖြစ်ကာ ဒဏ်ရာပြင်းထန်စွာရရှိသွားခဲ့သည်။

ဤသို့ဖြင့် သတိလစ်နေသော ဗိုလ်တိုက်ချွန်းကို မင်္ဂလာဒုံ ဆေးရုံသို့အမြန်တင်ပို့ကုသကြလေသည်။



## ရင်ခွဲရုံမှထလာခြင်း

သတိလစ်နေသော ဗိုလ်တိုက်ချွန်းသည် ဆေးကုနေရင်းမှပင် ထွက်သက်၊ ဝင်သက်မရှိတော့သလိုသွေးလည်းမခုန်တော့ပေ။ ထို့ကြောင့် ဆရာဝန်များကသေပြီဟု ဆုံးဖြတ်ကာ ရင်ခွဲရုံပို့လိုက်လေသည်။

အမှန်တော့ ဗိုလ်တိုက်ချွန်းသည်မသေသေးပါ။ သေငယ်ဇောနှင့်မျောနေခြင်းသာဖြစ်သည်။

ထို့ကြောင့် ရင်ခွဲရုံထဲမှာပင် အိပ်ရာမှနိုးသလိုခံစားမှုမျိုးနှင့်သတိရလာလေသည်။

သတိရရခြင်းဗိုလ်တိုက်ချွန်းသည် သူ့ကိုယ်သူဘယ်ရောက်နေမှန်းမသိပေ။ ကုန်းထလိုက်သည့်အခါ တကိုယ်လုံး ဒဏ်ရာတွေနှင့်မို့လို့နာနေသည်။ ရေလဲအလွန်ဆာလောင်နေသည်။

ထိုသို့ အခြေအနေမှဗိုလ်တိုက်ချွန်းသည် ညီစော်နံလှသော ရင်ခွဲရုံကျောက်ကုတင်ပေါ်မှဆင်းပြီး တံခါးဆီကိုလေးဖက်ထောက်သွားလေသည်။ ထို့နောက်တံခါးနားရောက်သောအခါ တံခါးကိုတအားထုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်ကိုယ်လုံးဒဏ်ရရထားတာကြောင့် ကြာကြာမထနိုင်ပေ။

ထို့ကြောင့် ခဏအမောဖြေပြီးမှ တံခါးကိုထပ်ထုရလေသည်။ ဒီတစ်ခါတော့ အပြင်မှ လူသံကြားရ၏

ဒီလိုနှင့် အားတက်ပြီး တံခါးကိုထပ်ထုလိုက်ချိန်တွင်အပြင်မှ ဖွင့်လိုက်တာကြောင့် တံခါးပွင့်သွားလေသည်။

## အဝတ်အစားမပါဘဲထွက်ပြေးသော ဗိုလ်တိုက်ချွန်း

ထိုသို့ တံခါးပွင့်သွားသည်နှင့် တပြိုင်ထဲဗိုလ်တိုက်ချွန်းသည် ဘာမှမစဉ်းစားတော့ပဲ ရင်ခွဲရုံထဲမှပြေးထွက်လာခဲ့သည်။ ဤသို့ဖြင့်. . .

အဝတ်အစားမပါပဲ ဆေးရုံဝင်းထဲတွင် လျှောက်ပြေးနေသောသူ့ကို ဆေးရုံဝန်ထမ်းများကတွေ့ရှိသည့် အခါ ဝိုင်းဝန်းဖမ်းဆီးလေသည်။

ထို့နောက် သူနာပြုဆရာမကသူ့ကို ငြိမ်သက်အောင်ဆိုပြီး အိပ်ဆေးတစ်လုံးထိုးကာ အိပ်စေလိုက်



သည်။

## အရှက်ရခြင်း

နောက်တစ်နေ့ အိပ်ရာမှ နိုးသောအခါ သူနာပြုဆရာမတွေက

"မနေ့ညက အဝတ်အစားမပါပဲ၊ ဆေးရုံဝင်းထဲလျှောက်ပြေးနေတာ မရှက်ဘူးလား"

ဟုလာမေးကြသည်။ ထိုအခါကျမှဗိုလ်တိုက်ချွန်းလည်းမနေ့က အဖြစ်အပျက်ကိုသတိရကာ အရှက်ကြီးရှက်နေမိတော့သည်။

## ဗိုလ်ကိုက်ချွန်း(သို့မဟုတ်) သေရွာပြန်သံခဲ

ဗိုလ်တိုက်ချွန်းသည် ဆိုင်ကယ်မှောက်ပြီး ရင်ခွဲရုံထဲရောက်မှ တံခါးခေါက်၍ထွက်လာသည်ကို သိသောခဲ့ဘော်များက သေရွာပြန်ကိုသံခဲဆိုသော အမည်သစ်ကိုသမိုင်းတွင်အောင်ပေးခဲ့ကြသည်။

ဗိုလ်တိုက်ချွန်းသည် အမှန်တကယ်လဲသေရွာမှပြန်လာခဲ့သော သေမင်းလက်မခံသော သူ့ရဲဘောင်းတစ်ဦးပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## သေရွာပြန်၏ စစ်ဗိုလ်ဘဝ

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးသော်လည်း မငြိမ်းချမ်းသေးပေ ဆူပူအုံကြွမှုများနှင့် ကြုံတွေ့နေရသည်။

၁၉၄၈ ခုနှစ်ကုန်ပြီး၁၉၄၉ခုနှစ်လဆန်းပိုင်းတွင်ဖြစ်သည်။ မြန်မာပြည်တစ်ဝှမ်းရောင်စုံ သောင်းကျန်းသူတို့ ဆူပူထကြွနေကြသည်။

ဤအခြေအနေတွင် ဗမာ့တပ်မတော်၏အင်အားကို လိုအပ်သလိုတိုးချဲ့ပြုပြင်ဖွဲ့စည်းခဲ့သည်။

ထိုသို့ ပြန်လည်ဖွဲ့စည်းရာတွင် ဗိုလ်တိုက်ချွန်းသည် အရေးပေါ်ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်ခြင်းခံရသည်။ ထို့ကြောင့် တပ်သားလေးဘဝမှဗိုလ်တိုက်ချွန်းသည် တိုက်ပွဲဝင်စစ်ဗိုလ်ဖြစ်လာခဲ့၏။

## KIDOနှင့်တိုက်ပွဲဖြစ်ခြင်း

၁၉၄၉ခုနှစ်တွင် သမိုင်း၊ ခဝဲခြံ၊ အင်းစိန်နှင့် စော်ဘွားကြီးကုန်းရပ်ကွက်များတွင် KIDO သောင်းကျန်းသူတို့အင်အားကြီးမားစွာဖြင့် ရှိနေကြသည်။



ထိုအချိန်တွင် ဗိုလ်တိုက်ချွန်းသည် ချင်းသနက(၁)တွင် တာဝန်ကျနေသည်။ သူတို့တပ်သည် ခဝဲခြံဝန်းကျင်တွင်နေရာယူပြီး တိုက်ပွဲဝင်ရန်အသင့်ဖြစ်နေသည်။

ဒီလိုနှင့် သမိုင်းဦးသော် ပန်းကန်စက်တွင် တပ်စွဲထားသော KIDO နှင့် ဗိုလ်တိုက်ချွန်းတပ်များသည် အပြင်းအထန်တိုက်ပွဲဖြစ်သည့်အခါ KIDOတပ်တို့သည်အထိနာပြီး ဦးစက္ကိန် ဘုန်းကြီးကျောင်းသို့ ဆုတ်ခွာသွားလေသည်။

## ပျောက်ကြားစနစ်သုံးရခြင်း

ဦးစက္ကိန်ကျောင်းသည် အုတ်တိုက်များ၊ ကုန်းမြင့်များနှင့် ခံတပ်တစ်ခုလိုဖြစ်နေသဖြင့် ရှတ်တရက်ဝင်တိုက်ရန်မလွယ်ကူပေ။ ထို့ကြောင့် ဒုဗိုလ်မှူးကြီးဟရန်သီယိုက ဗိုလ်တိုက်ချွန်းကိုခေါ်ပြီး ပျောက်ကြားစနစ်ဖြင့်ဝင်တိုက်ရန်တာဝန်ပေးလေသည်။

ထိုပျောက်ကြားတပ်စုကို လူငါးရှပ်နှင့်ဖွဲ့စည်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



## စစ်ဆင်ရေးစတင်ခြင်း

ဗိုလ်တိုက်ချုပ်ဦးဆောင်သောပျောက်ကြား တပ်စုသည် အရပ်ဝတ်၊ ပုဆိုးစုတ်၊ အကျႌစုတ်များကို ဝတ်ဆင်ကာ မွန်းတည့်ဆယ့်နှစ်နာရီတွင် ဦးစက္ကိန်ကျောင်းအနောက်ဘက်ကိုရောက်ရှိလာခဲ့ကြ သည်။

KIDOတပ်များသည် ဦးစက္ကိန်ကျောင်းအနောက်ဘက်တပ်စည်းရိုးတွင် အစောင့်များမထားပေ။

ထို့ကြောင့် ဗိုလ်တိုက်ချုပ်တို့သည် ခြံစည်းရိုးကို အလျင်အမြန်ကျော်ဝင်ပြီး သေနပ်များဖြင့် ဒရကြမ်းပစ်ကြလေသည်။

## အောင်မြင်သော ပျောက်ကြားစနစ်

သောင်းကျန်းသူKIDOတို့သည် ဖဲရိုက်သူရိုက်၊ မယ်ဒလင်တီးသူတီး၊ ထမင်းစားသူကစားနှင့် ပျော်ရွှင်နေကြချိန်တွင် ယခုလိုအတိုက်ခိုက်ခံရသဖြင့် အတုန်းအရုံးကျရှုံးကုန်ကြသည်။ အချို့ကရရာလက်နက်ဖြင့် ပြန်လည်ခုခံရန်ကြိုးစားကြသော်လည်း ကြာကြာမခုခံနိုင်



ကြပေ။

ဗိုလ်တိုက်ချုပ်တို့သူရဲကောင်းငါးဦးသည် နေရာမြန်ပြီး ရဲရင့်ကြောက်ရွံ့ခြင်းကင်းစွာ တိုက်ခိုက်လိုက်သောကြောင့် နောက်ဆုံးတွင် ရန်သူတို့သည် ဆုံးရှုံးခြင်းများစွာဖြင့် ဆုတ်ခွာသွားခဲ့ကြသည်။

## ဆင့်ကဲချေမှုန်းရေးနည်းဗျူဟာ

တိုက်ပွဲတွင် ရန်သူဘက်မှ ပွဲချင်းပြီး (၁၁)ဦးကျဆုံး၏ ဒဏ်ရာရသူများကို တရွတ်တိုက်ဆွဲခေါ်သွားကြသည်။ ရန်သူအရှင်သုံးဦးဖမ်းမိခဲ့သည်။ ဗိုလ်တိုက်ချုပ်တို့ဘက်မှ တပ်ကြပ်ကြီးတစ်ဦးကျဆုံးခဲ့သည်။

ဗိုလ်တိုက်ချုပ်သည် တိုက်ပွဲပြီးသည့်အချိန်တွင် ကြိုတင်အချိန်းအချက်ပြုထားသည့်အတိုင်း တိုက်ပွဲအောင်မြင်ကြောင်းအထိမ်းအမှတ်ဖြင့် အစိမ်းရောင်မီးကျည်ကို ကောင်းကင်သို့ ပစ်ဖောက်လိုက်လေသည်။

ထို့နောက် ရန်သူများဆုတ်ခွာပြေးရာဘက်ကို အနီရောင်မီးကျည်ပစ်ဖောက်ပြရာ တရုတ်သချႋုင်းထဲမှ

www.burmeseclassic.com

www.burmeseclassic.com



အသင့်စောင့်နေသော တပ်မတော်သားများသည် ရန်သူနောက်ကို လိုက်လံတိုက်ခိုက်လေသည်။

## ယုံကြည်မှုရရှိခြင်း

တိုက်ပွဲပြီးဆုံးသွားသည့်အခါ ဒုဗိုလ်မှူးကြီးဟာရန်သီယိုနှင့် အရာရှိများသည် ဦးစက္ကိန်ကျောင်းသို့ရောက်လာပြီး တပ်များကိုစစ်ဆေးကာ ဗိုလ်တိုက်ချွန်းကို ချီးကျူးလေသည်။

ထို့နောက်ပျောက်ကြားရဲဘော်တစ်စုကိုဆုချီးမြှင့်သည့်အနေဖြင့် ဒု-ဗိုလ်မှူးကြီးဟာရန်သီယိုက ဗိုလ်တိုက်ချွန်းတို့ကို အနားယူခွင့်ပေးလေသည်။

ဒီလိုနှင့် တခဏတာတိုက်ပွဲပြီးဆုံးသွားချိန်တွင် ဦးစက္ကိန်ကျောင်းဘေးက လျှိုမြောင်ကြီးထဲတွင် သောက်ကြ၊ စားကြနှင့် ပျော်ပျော်ကြီးအောင်ပွဲခံလေတော့၏။

## အသာစီးရယူထားသောရန်သူ

အမှန်တော့ KIDO တို့သည်ခပ်ဝေးဝေးသို့ ဆုတ်ခွာသွားခြင်းမဟုတ်ပေ။ ဦးစက္ကိန်ကျောင်းနှင့် သေနတ်တကမ်းရှိ PWDအုတ်တိုက်အနီးတွင် နေရာ



ယူထားခြင်းဖြစ်သည်။

ထိုနေရာတွင် KIDOတို့သည် သံဆူးကြိုးများကာပြီး မြေကတုတ်ကျင်းများတူးကာ သစ်ပင်များပေါ်တွင်လင့်စင်ထိုး၍ လက်မြှောင့်တပ်သားများကိုနေရာချထားလေသည်။

ထိုသို့အဘက်ဘက်ကစီစဉ်အသင့်ဖြင့်ထားသော KIDOစခန်းကို ဗိုလ်မှူးကြီးတင်လှိုင်ဘပ်မှ ဝင်တိုက်သည့်အခါ တပ်သားရှစ်ဦးကျဆုံးခဲ့လေသည်။

ထိုကျဆုံးသွားသော တပ်မတော်သားတို့၏ အလောင်းကို လာကောက်သည့်အခါလည်း KIDO၏ လက်မြှောင့် တပ်သားများက သစ်ပင်ပေါ်မှ ပစ်ခတ်ကြသည်။

နောက်ဆုံး အလောင်းကောင်များသည် ကောက်သူမဲ့ခဲ့ပြီး ရက်အတော်ကြာသည့်အခါအပုပ်နံ့ထွက်လာသဖြင့် KIDOတို့က ဓါတ်ဆီဖြန်းလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ထိုနေရာသည် တပ်မတော်ကထိုးစစ်၊ သောင်းကျန်းသူတို့က ခံစစ်ဖြစ်နေသည်။ သို့သော် ရန်သူသောင်းကျန်းသူတို့သည် သံဆူးကြိုးများအကာအရံပြုလုပ်ထားခြင်း၊ မြေကတုတ်ကျင်းများတူးထားခြင်း၊ သစ်ပင်များပေါ်တွင် လက်ဖြောင့်တပ်သားများရှိနေခြင်းစသည်တို့ကြောင့် အပေါ်စီးရနေသည်။

## တာဝန်ပေးခြင်း

ဤသို့ဖြင့် အပေါ်စီးရယူထားသည့် သောင်းကျန်းသူများကိုချေမှုန်းရန်အတွက် တပ်ရင်းမှူးကအောင်ပွဲရသူရဲကောင်းဖြစ်နေသော ဗိုလ်တိုက်ချွန်းကို တာဝန်တစ်ခုပေးပြန်လေသည်။

ထိုတာဝန်မှာ ပျောက်ကြားစနစ်ဖြင့် ရန်သူစခန်းကိုဝင်တိုက်ရန်နှင့် လိုချင်သည့်လူ၊ ကြိုက်နှစ်သက်သည့်လက်နက်၊ ကြိုက်သည့်အချိန်ကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ရွေးချယ်ရန်ဖြစ်သည်။

## တာဝန်အရဆောင်ရွက်ပြီ

ဗိုလ်တိုက်ချွန်းသည် ဒုဗိုလ်မှူးကြီး ဟရန်သီယိုအမိန့်အတိုင်း စိတ်ကြိုက်ရဲဘော်ငါးဦးကို ရွေးချယ်လိုက်လေသည်။ ထို့နောက် သူရွေးချယ်သောလူများနှင့် ရန်သူစခန်းကို ညဥ့်အချိန်ဝင်တိုက်ရန်တိုင်ပင်လေသည်။



ထိုသို့ တိုက်ပွဲမဝင်မီ တနေ့လုံးပင် ပလာယာတစ်လက်ဖြင့် သံဆူးကြိုးများဖြတ်တောက်ခြင်းကို လေ့ကျင့်ခဲ့သည်။

## စစ်ဆင်ရေးစခြင်း

ဗိုလ်တိုက်ချွန်းသည် ရန်သူစခန်းကို အလွယ်တကူဝင်နိုင်ရန် လေ့ကျင့်မှုများပြုလုပ်ပြီးသောနောက်တွင် စီစဉ်ထားသည့်အတိုင်း စခန်းအနေအထားကို အဝေးမှ ထောက်လှမ်းပြီး ညဥ့်တစ်နာရီတိတိတွင် ချီတက်လာခဲ့သည်။

ရန်သူစခန်းသည် ညဥ့်အချိန်ဖြစ်သောကြောင့် တိတ်ဆိတ်နေသည်။ ထို့ကြောင့် ဗိုလ်တိုက်ချွန်းတို့လဲ သံဆူးကြိုးစည်းရိုးအနီးအထိရောက်လာခဲ့သည်။

## အောင်မြင်သော စစ်ဆင်ရေး

ဗိုလ်တိုက်ချွန်းတို့ အဖွဲ့တွင်ပါလာသော တပ်ကြပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးရွှန်လင်းသည် ရှေ့ဆုံးမှနေ၍သံဆူးကြိုးတစ်စကို စတင်ဖြတ်တောက်လိုက်သည်။ ထို့နောက် အားလုံးက စိုင်းဝန်းပြီး တကျည်ီလက်ညီဖြတ်တောက်လိုက်သဖြင့် မကြာခင်မှာ သံဆူးကြိုးများ ပြတ်တောက်ကာ လူတစ်ယောက်ဝင်ပေါက်ပွင့်သွားလေသည်။

တပ်ကြပ်ကြီးရွှန်လင်းသည် ရဲဘော်၊ ရဲဘက်ပီသစွာ ပွင့်သွားအပေါက်မှ အရင်ဝင်သွားသည်။

## ရန်သူကပေးသောလက်ဆောင်

သူတို့အတွက်ကံကောင်းသည့် အချက်ကရန်သူကင်းစောင့်တပ်သားသည် ဆေးလိပ်ကိုပိုက်ရင်း အိပ်ငိုက်နေသည်။ ထို့ကြောင့် တပ်ကြပ်ကြီး ရွှန်လင်းက အိပ်ငိုက်နေသည့်ရန်သူတပ်သားအနီးသို့ အလျှင်အမြန်ပြေးကပ်သွားပြီး ဆံပင်ကိုဆွဲကာ လည်ပင်းကိုလှံစွပ်ဖြင့်ထိုး၍အခွင့်အရေးကို အသုံးချလိုက်သည်။ တပ်ကြပ်ကြီးရွှန်လင်းလက်ချက်ကြောင့် ရန်သူကင်းစောင့် အငိုက်မိသွားပြီး အသက်မထွက်ခင် တအင့်အင့်နှင့် အော်လိုက်သံကြောင့်နိုးပါးသောရန်သူများ အိပ်ရာမှနိုးလာကြသည်။



ထိုအချိန်တွင် ဗိုလ်တိုက်ချွန်းတို့အဖွဲ့သည် ရန်သူစခန်းအတွင်းသို့ရောက်ရှိနေကြပြီဖြစ်သောကြောင့် တိုက်ပွဲ ဝင်ရန်အသင့်ဖြစ်နေကြသည်။

## ပြင်းထန်သော တိုက်ပွဲဖြစ်ပွားခြင်း

ကင်းစောင့်တပ်သား၏ မသေခင်အော်လိုက်သည့်အသံကြောင့် KIDOသောင်းကျန်းသူများသည် အိပ်ရာမှ နိုးထကာ လက်နက်များကိုဆွဲကိုင်ပြီး ရန်သူကိုရှာဖွေဖို့ ကြိုးစားလိုက်သည်။ သို့သော် တိုက်ပွဲဝင်ရန်အသင့်ဖြစ် နေသော တိုက်ချွန်းတို့အဖွဲ့သည် လက်ထဲမှစတင်းဂန်း သေနပ်များဖြင့် အဆက်မပြတ်ပစ်ခတ်လိုက်သဖြင့် ပြင်းထန်သည့်တိုက်ပွဲစတင်ဖြစ်ပွားခဲ့သည်။

ရန်သူတပ်သားများမှာ အင်အားကြီးမားလှသည် ထို့ကြောင့်တိုက်ချွန်းတို့သည် စတင်းဂန်းအပြင်လက်ပစ်ဗုံးပါသုံးရတော့သည်။

လက်ပစ်ဗုံးဆိုသည်မှာ အစုအဝေးနှင့် လှုပ်ရှားလာသောရန်သူတို့ကို နှိမ်နင်းရန်အသုံးဝင်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရောက်ရှိလာသောစစ်ကူ

KIDOသောင်းကျန်းသူများသည် ဗိုလ်တိုက်ချုန်းတို့ အဖွဲ့လက်ပစ်ဗုံးများဖြင့် ပစ်ခပ်နေသည့်ကြားမှပင် သူတို့၏လက်နက်များဖြင့်ပြန်လည် ပစ်ခတ်လေသည်။ သို့သော်မှောင်ထဲတွင်ရှိသောသူတို့ကိုမထိပေ။

ဤအခြေအနေတွင်ရန်သူစခန်းမှ သေနပ်သံဘားလျှင်နောက်မှချီတက် လိုက်ပါရန်ကြိုတင်မှာကြားသည့်အတိုင်း သေနပ်သံများကြားသောအခါ တပ်မတော်မှညာသံပေး၍ချီတက်လာကြသည်။

## ဆုတ်ခွာသွားသောရန်သူများ

ဗိုလ်တိုက်ချုန်းတို့ဘက်မှ စစ်ကူရောက်လာသောကြောင့်ရန်သူတပ်သားများ ကြာကြာမခံနိုင်တော့ပဲ အပြေးအလွှားဆုတ်ခွာသွားကြသည်။ ထိုသို့ဆုတ်ခွာရင်း ရန်သူဘက်မှပစ်လိုက်သော ကျည်ဆန်ကြောင့်တပ်မတော်ဘက်မှ ရဲဘော်တစ်ဦး၏မျက်နှာကို ကျည်ထိသွားလေသည်။ နောက်ဆုံးနိဂုံးချုပ်လိုက်လျှင်KIDOတို့ဘက်မှ တစ်ဆယ့်နှစ်ဦးကျဆုံးခဲ့သည်။



## အနီးကပ်စစ်ဆင်ရေး

ဆုတ်ခွာထွက်ပြေးသွားသော ရန်သူတို့သည် အင်းစိန်ကိုကျော်ပေး၍ ခံတပ်လုပ်ထားသည်။ ထို့ကြောင့် ဗမာ့တပ်မတော်က လေယာဉ်ကွင်းနှင့်စော်ဘွားကြီးကုန်းအကြား၊ ရွာသချိုင်းနေရာတွင် စခန်းချလေသည်။

တစ်နေ့တွင် KIDO များနှင့် ဗမာ့တပ်မတော်တို့တိုက်ပွဲဖြစ်ပွားကြသည်။ တိုက်ပွဲပြီးသောအခါ ဗိုလ်တိုက်ချုန်းသည် လူနာကောက်တာဝန်ကျသဖြင့် ဒဏ်ရာရထားသူတစ်ဦးကို သွားကောက်ကာထမ်းလာခဲ့၏။

သူထမ်းလာသောလူနာသည် ခြေထောက်တွင်ဒဏ်ရာရထားသည့်လူနာဖြစ်သည်။ သို့သော်ထမ်းလာစဉ်ဘယ်အချိန်က ကျည်ဆန်ထိသွားသည် မသိပေ။ ကျည်ကွယ်ရာရောက်သည့်အခါ ဦးခေါင်းတွင်ကျည်ဆံထိမှန်ပြီးသေနေသည်။

ထိုခဏတွင် တပ်မှူးများက တိုက်ပွဲအခြေအနေတို့ လာရောက်စစ်ဆေးပြီး စစ်မြေပြင်ကိုသွားရန် ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်ကြသည်။

## အသက်မသေချင်သေးသောသူ

ဗိုလ်တိုက်ချွန်းသည် အထက်အရာရှိ၏ အမိန့်အကိုင်း ဂျစ်ကားဖြင့် စစ်မြေပြင်ကိုထွက်လာခဲ့သည်။ ကံဆိုးချင်တော့ လမ်းတွင် ဂျစ်ကားမောင်းသည့်ရဲဘော်ကို ကျည်ဆန်ထိမှန်လေသည်။

ရဲဘော်သည် ကျည်ဆန်ထိမှန်ရင်း ဂျစ်ကားစတီယာတိုင်ကိုကွေ့ပြီးကိုင်ထားသဖြင့် ဂျစ်ကားမှာချာလပတ်လည်နေသည်။

ထို့ကြောင့်တိုက်ချွန်းလည်း ကားမောင်းရဲဘော်ကိုတွန်းပစ်ပြီး ကိုယ်တိုင်ဝင်မောင်းကာ ကျည်ကွယ်ရာကိုပြန်လာခဲ့ရာ ခြေပတ်နှင့် ခြေအိတ်ကြားထဲကို ကျည်တစ်တောင့်က ဝင်ရောက်နှောက်ယှက်သွားသည်။ သို့သော်အသားကိုတော့ မထိပေ။

## တိုက်ပွဲခဏနားခြင်း

ထိုအဖြစ်အပျက်ဖြစ်ပွားပြီးနောက် ဗမာ့တပ်မတော်နှင့် KIDOတို့သည် သုံးရက်ခန့်အပစ်အခတ်ရပ်



ဆဲလိုက် ကြသည်။ ယင်းသို့ ငြိမ်သက်နေသည့်အချိန်တွင် တိုက်ချွန်းသည် KIDOစခန်းမှမော်တော်ဆိုင်ကယ်တစ်စီးဝင်လုရန် ကြံစည်မိလေသည်။

## မော်တော်ဆိုင်ကယ်ဝင်လုခြင်း

အချိန်ကားနေဝင်ရီတရောအချိန်ကာလ ဖြစ်သည်။ KIDOတို့၏သံဆူးကြိုးဝင်းထဲသို့ ပလာယာဖြင့်ဖြတ် ၍ ဝင်ရောက်လာသူတို့က ဗိုလ်တိုက်ချွန်းနှင့်တပ်ကြပ်ကြီး ရွှန်လင်းတို့ဖြစ်သည်။

သူတို့သည် အခြေအနေကို စောင့်ကြည့်နေစဉ်မှာကုန်းဆင်းကလေးမှ ရန်သူစာပို့တပ်သားလေးသည် မော်တော်ဆိုင်ကယ်ကို စက်သတ်၍ဆင်းလာလေသည်။

သူတို့နားကိုရောက်သောအခါ လက်ထဲတွင်ကိုင်ထားသည့်သစ်သားတုတ်ဖြင့် ရိုက်ချလိုက်သဖြင့် ရန်သူစာပို့တပ်သားလေးမှာ သတိလစ်လဲကျသွားသည်။

ထို့နောက်သူတို့သည် မော်တော်ဆိုင်ကယ်ကိုတွန်းလာခဲ့ပြီး အဝေးရောက်မှစက်နှိုး၍ စီးလာခဲ့ကြသည်။ သူတို့လုပ်ရပ်ကို ဒု-ဗိုလ်မှူးကြီးဟာရန်သီယို

www.burmeseclassic.com

www.burmeseclassic.com

သိသွားသည့်အခါ ဆူပူကြိမ်းမောင်းခြင်းခံရလေသည်။

## နည်းဗျူဟာပြောင်းလဲသောစစ်ဆင်ရေး

ထိုသို့ရန်သူ့စခန်းထဲဝင်ပြီး ဆိုင်ကယ်လုယူပြီးစီးခြင်းကြောင့် အဆူခံရပြီးနောက်ပိုင်းတွင် ဗိုလ်တိုက်ချွန်းအတွက်စွန့်စားရမည့် တာဝန်တစ်ခုကျရောက်လာခဲ့သည်။

ထိုတာဝန်မှာ အင်းစိန်နှင့်အောင်ဆန်းမြို့အကြား စွပ်ကျယ်စက်ရုံတွင်ခံတပ်လုပ်ထားသည့် KIDO တပ်တို့ကို တိုက်ခိုက်ရန်ဖြစ်သည်။

ရန်သူတို့သည် စွပ်ကျယ်စက်ရုံဝင်းကို သံတံခါးကြီးများဖြင့် ပိတ်ထားသည်။ ထိုသံတံခါးကြီးနောက်ရှိ အိမ်ကြီးပေါ်မှလက်ဖြောင့်တပ်သားများက ဆီးကြို၍ပစ်ခတ်ကြသောကြောင့် ဗမာ့တပ်မတော်သားတို့သည် အနားကိုမကပ်နိုင်ကြပေ။

ထို့ကြောင့် ဒု-ဗိုလ်မှူးကြီးဟရန်သီယိုက ဗိုလ်တိုက်ချွန်းနှင့် တပ်ကြပ်ကြီးရွှန်လင်းတို့ကိုခေါ်၍KIDO တို့ ခိုအောင်းနေသော စွပ်ကျယ်စက်ကို



ဝင်ရောက်ဖြိုခွင်းရန် တာဝန်ပေးလေသည်။

ဗိုလ်တိုက်ချွန်းသည် ဝပ်ရှော့မှ ဂျစ်ကားတစ်စီးကို သံပြားကြီးများကာရံပြီး သံချပ်ကာကားလုပ်လေသည်။ ထို့နောက် ဂျစ်ကားရှေ့တွင် သံချွန်ကြီးများတပ်၍ တိုက်ပွဲဝင်မည့်နေ့တွင် စွပ်ကျယ်စက်ရုံသို့ ချီတက်လာခဲ့သည်။

## အင်းစိန်ကို သိမ်းယူရရှိခြင်း

ဒီလိုနှင့် ရန်သူ့စခန်းဆီကိုရောက်သောအခါ သံချွန်များတပ်ထားသည့် ဂျစ်ကားကို အပြင်းမောင်း၍ သံတံခါးကို ဝင်ဆောင့်ပစ်လိုက်သည်။ ရန်သူများက သေနပ်များဖြင့် ပစ်ကြပေမဲ့ ကျည်ဆန်က ဂျစ်ကားကို မဖောက်နိုင်ပေ။

ထိုကဲ့သို့ လေး၊ငါးဆယ်ကြိမ်ခန့် သံချွန်များဖြင့် ဆောင့်ဆောင့်ထိုးလိုက်သဖြင့် သံတံခါးမှာ ပွင့်လုနီးနီး ဖြစ်လာသည်။ ရန်သူဘက်ကလည်း ယခင်ထက်ပိုပြီး ပစ်ခတ်ကြသည်။ ထိုအခြေအနေမှာပင် ဗိုလ်တိုက်ချွန်းသည် နောက်ဆုံး အကြိမ်အဖြစ် အရှိန်ပြင်းပြင်းနှင့် တံ

www.burmeseclassic.com

www.burmeseclassic.com



ခါးကိုဝင်ဆောင့်လိုက်သဖြင့်သံ တံခါးကြီးမှာပွင့်သွားသလို သူတို့ဂျစ်ကားသည်လည်း စက်ရုံဝင်းထဲသို့ရောက်ရှိခဲ့လေသည်။

ဗိုလ်တိုက်ချွန်းတို့သူရဲကောင်းနှစ်ဖော်တို့သည် စက်ရုံ ဝင်းထဲသို့ရောက်ရောက်ခြင်းမှာပင် ကားထဲမှခုန်ထွက်ပြီး ပါလာသောစတင်းဂန်းသေနပ်များဖြင့် မဲမဲမြင်သမျှ ပစ်ခတ်ကြလေသည်။

စွပ်ကျယ်စက်ရုံဝင်းတံခါးပွင့်သွားပြီဖြစ်တာကြောင့် နောက်မှဗမာ့တပ်မတော်သားများကလဲ လိုက်လာကြသဖြင့် တိုက်ပွဲမှာပြင်းထန်သွားသည်။

ထို့ကြောင့် KIDOရန်သူသောင်းကျန်းသူများသည် တပ်မတော်၏ ထိုးစစ်ကိုမခံနိုင်သဖြင့် စွပ်ကျယ်စက်ရုံကို စွန့်ခွာကာ လှိုင်မြစ်ဘက်ကိုဆုတ်ပြေးလေသည်။

ဤသို့ဖြင့် ၁၉၄၉ခုနှစ်ဧပြီလ၊ ၂၂ရက်နေ့တွင် ဗမာ့တပ်မတော်သည် အင်းစိန်မြို့ကို သိမ်းယူနိုင်ခဲ့သည်။



## ပေးဆပ်ခြင်းများစွာဖြင့် ရန်သူကိုချေမှုန်းနေရသောတပ်မတော်

အင်းစိန်တိုက်ပွဲပြီးသည့်အချိန်တွင် ဗိုလ်တိုက်ချွန်းတို့ ၏ ချင်းသနက(၁)သည် မှော်ဘီမြို့စိုက်ပျိုးရေးဥယျာဉ်ကိုပြောင်းရွှေ့ရလေသည်။ တစ်နေ့တွင် မှော်ဘီအနီး လှပဒါးရွာမှ တပ်မတော်နှင့် KIDO တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။

နောက်တစ်နေ့တွင် တိုက်ပွဲဖြစ်ပွားသည့်နေရာကို ဗိုလ်တိုက်ချွန်းနှင့် တပ်ရင်းမှူးတို့ကားဖြင့် ထွက်လာခဲ့ကြသည်။

လမ်းခရီးက မှောင်လွန်းပေသည်။ ထို့ကြောင့် ဗိုလ်တိုက်ချွန်းသည် တပ်ရင်းမှူး ဒု-ဗိုလ်မှူးကြီး ဟာရန်သီယိုအတွက် စိုးရိမ်သဖြင့် သတိပေးလိုက်သည်။

သို့သော် တပ်ရင်းမှူး ဒု-ဗိုလ်မှူးကြီးဟာရန်သီယိုက [illegible]ကို "သေတစ်နေ့၊ မွေးတစ်နေ့" ဟုပြုံး၍ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရန်သူတို့ လက်ဦးမှုရယူခြင်း

ဒီလိုနှင့် မှော်ဘီအထွက် ဘုန်းကြီးကျောင်းနား ရောက်သည့်အခါထင်သည့်အတိုင်းပင် ရန်သူသုံးဆယ် ခန့် လမ်းဘေးဝဲယာမှ နေရာယူပြီး ဝိုင်းဝန်းပစ်ခတ်ကြ သည်။

ထို့ကြောင့် ဗိုလ်တိုက်ချွန်းဘေးတွင် ထိုင်နေသည့် ဗိုလ်ကြီးဒွေး၏ ဦးခေါင်းကို ကျည်ဆန်ထိမှန်ပြီး ကျဆုံး သွားလေသည်။ ထို့အပြင် ဗိုလ်ကြီးလှမှုန်း၏ ခြေ ထောက်ကိုလဲ ကျည်ဆန်မှန်သွားသလို တပ်ရင်းမှူး ဒု-ဗိုလ်မှူးကြီးဟရန်သီယို၏ ပေါင်တွင်လည်းကျည်ဆန်ထိ သွားသည်။ ထို့ကြောင့် ဗိုလ်တိုက်ချွန်းတို့သည် ကားပေါ် မှ ခုန်ဆင်းလိုက် ကြသည်။

## အရှုံးမပေးသောသူ

ဗိုလ်တိုက်ချွန်းသည် ဂျစ်ကားပေါ်မှ ခုန်ဆင်း လိုက်သည်နှင့် တပြိုင်ထဲကျည်ဆံတွေက ပလူပျံအောင် ရောက်ရှိလာပြီး သူ၏မိုးကာအကျီကို-ဇကာပေါက်ဖြစ် အောင်ထိမှန်သွားသည် ကံကောင်းထောက်မ၍သာ



လူကိုမထိခြင်းဖြစ်၏။

ထို့နောက် ဗိုလ်တိုက်ချွန်းနှင့် ဒုတပ်ကြပ်ဟိုခါးတို့ သည် ဂျစ်ကားဘီးကိုအကာအကွယ်ယူပြီး ရန်သူတို့ကို ပြန်လည်ခုခံလေသည်။

ရန်သူတစ်ဦးသည် သစ်ပင်ကွယ်မှ ဘရင်းဂန်း ဖြင့်ပစ်နေသည်။ ဗိုလ်တိုက်ချွန်းသည် ထိုရန်သူနှင့် နီး အောင် မြေပြင်ပေါ်တွင် လှိမ့်သွားပြီးပစ်ချလိုက်လေ သည်။

ရန်သူကျသွားသောအခါ သူ့အနားကို လှိမ့်သွား ပြီးရန်သူကိုင်သည့် ဘရင်းဂန်းကိုယူကာ သောင်းကျန်း သူများကို ပြန်လည်ပစ်ခတ်လိုက်သည်။

## အားမတန်၍ မာန်ခဏလျှော့ခြင်း

နံနက်လင်းသည့်အခါ ရန်သူတို့သည် ဗိုလ်တိုက် ချွန်းတို့ကို ရှင်းရှင်းလင်းလင်းမြင်သွားသဖြင့် ဝိုင်းဝန်းပစ် ကြသည်။

ထို့ကြောင့် ဗိုလ်တိုက်ချွန်းနှင့်ဟိုခါးတို့သည် နောက်မှ ဒလကြမ်းလိုက်လာသည့် ရန်သူတို့နှင့် လွတ်

www.burmeseclassic.com

www.burmeseclassic.com



အောင်ထွက်ပြေးခဲ့ရသည်။

လမ်းတွင်ရေအိုင်တစ်ခုကို တွေ့ရသဖြင့် ရေထဲဆင်းပြေးခဲ့ရသည်။ ဟိုခါးမှာအမောဆို့ပြီး ခွေကျသွား၍ ရေထဲမှမနည်းဆယ်ခဲ့ရသည်။

ထို့နောက်ရန်သူလက်မှလွတ်အောင် ပြေးရင်းစခန်းကို ရောက်ရှိလာခဲ့တော့သည်။

## ဝမ်းနည်းစရာအဖြစ်အပျက်

ဗိုလ်တိုက်ချွန်းသည် ရန်သူ့လက်ထဲတွင် ကျန်ရစ်ခဲ့သော ဒု-ဗိုလ်မှူးကြီးဟာရန်သီယိုနှင့် အရာရှိများကိုကယ်တင်ရန် တပ်စုတစ်စုကိုဦးဆောင်၍ တိုက်ပွဲနေရာကိုပြန်လည်ထွက်လာခဲ့သည်။

တိုက်ပွဲအနီးဥယျာဉ်ထဲတွင်ဒု-ဗိုလ်မှူးကြီး ဟာရန်သီယိုကို ရန်သူများဝိုင်းထားလေသည်။ ထို့ကြောင့် ဗိုလ်တိုက်ချွန်းတို့လည်း ရန်သူတပ်ကို ထပ်မံဝိုင်းထားလေသည်။ ဒု-ဗိုလ်မှူးကြီး ဟာရန်သီယိုမှာ ဒဏ်ရာရပြီးလဲနေသလို သူ့ကိုဝိုင်းထား သည့်ရန်သူထဲမှ စစ်ဗိုလ်ကလက်နက်ဖုံးကို အသင့်ပစ်ရန် ကိုင်ထားလေသည်။



ရန်သူစစ်ဗိုလ်ခါးတွင် တိုက်ပွဲဖြစ်စဉ်ဂျစ်ကားပေါ် တွင်ကျန်ရစ်ခဲ့သော ခြောက်လုံးပြူးသေနပ်ကိုတွေ့လိုက်ရသဖြင့်ဗိုလ်တိုက်ချွန်းသည် အလျှင်အမြန်ပြန်လည်ဆွဲယူလိုက်သည်။

မကြာမီ ဗိုလ်တိုက်ချွန်းတို့ဘက်မှစစ်ကူများရောက်ရှိလာပြီး ထပ်မံဝိုင်းလိုက်သောကြောင့် လက်နက်ဖုံးကိုင်ရန်သူများမာန်လျော့ပြီးလက်နက်ချသွားကြသည်။

နိဂုံးချုပ်သော်ဒု-ဗိုလ်မှူးကြီးဟာရန်သီယိုမှာ သေနပ်ဒဏ်ရာကြောင့်ပေါင်ရင်းမှ ဖြတ်လိုက်ရပြီးမှ သေဆုံးသွားသည်။

ထိုအဖြစ်အပျက်သည် အလွန်ဝမ်းနည်းစရာကောင်းလေသည်။

## ထန်းတပင်မြို့ကိုသိမ်းယူခြင်း

ဗိုလ်တိုက်ချွန်းတို့၏ချင်းသနဏ(၁) တပ်ခွဲ(၃)သည် မှော်ဘီတွင်တာဝန်ထမ်းဆောင်ပြီးနောက် ထန်းတပင်မြို့တိုက်ပွဲတွင်ပါဝင်ရပြန်သည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဇက်ကရက်(ခေါ်) ရေယာဉ်ကြီးဖြင့် လှိုင်မြစ်အတိုင်း ဆန်တက်လာခဲ့ကြသည်။

ထန်းတပင်ဆိပ်ကမ်းတွင် ရန်သူသောင်းကျန်းသူများသည် ခံတပ်ဖြင့်စောင့်ကြိုနေကြသည်။

ဗိုလ်တိုက်ချွန်းတို့စီးလာသည့် သင်္ဘောသည် ကမ်းကပ်ခါနီးတွင် ရန်သူဘက်မှစတင်ပစ်ခတ်လိုက်တာကြောင့်ပွဲဦးထွက် ရဲဘော်တစ်ဦးကျသွားသည်။

ထို့ကြောင့် ဗိုလ်တိုက်ချွန်းသည် အလွန်ဒေါသထွက်သွားပြီးသင်္ဘောကမ်းကပ်လိုက်သည်နှင့် တပြိုင်နက်ရှေ့ဆုံးမှပြေးဆင်းကာကျည်ဆန် ထွက်ပေါ်လာသည့်ကတုတ်ကျင်းအဝကိုလက်ပစ်ဗုံးဖြင့် ပစ်ထည့်လိုက်လေသည်။

ထို့နောက်ပြင်းထန်သော တိုက်ပွဲဖြစ်ပွားပြီးနောက်ထန်းတပင်ကို သိမ်းပိုက်နိုင်ခဲ့သည်။

## သဲထိတ်ရင်ဖိုအဖြစ်အပျက်

ထိုသို့ထန်းတပင်ကိုသိမ်းပိုက်ပြီးသည့်နောက်တွင် အထက်ကို့ဆန်တက်ရာတစ်နေရာတွင် သင်္ဘောမှာ



ရန်သူများချထားသည့် သံဆူးကြိုးနှင့်ငြိနေပြီး ရှေ့ဆက်၍မရတော့ပေ။

ထိုအခြေအနေကိုအခွင့်ကောင်းယူပြီး ရန်သူတို့က ကမ်းပေါ်မှစိတ်တိုင်းကျပစ်လေသည်။

ဗိုလ်တိုက်ချွန်းသည် ရပ်နေသောသင်္ဘောပေါ်မှ သုံးလက္ခမော်တာဖြင့် ရန်သူကိုတိုက်ခိုက်ရန် စီစဉ်လိုက်လေသည်။

ထို့နောက် ပစ်မှတ်သေချာချိန်ပြီးကျည်ဆံကို ပစ်လွှတ်လိုက်ရာလေး၊ ငါး၊ ခြောက်ပေခန့်မြင့်တတ်သွားပြီး ရန်သူဆီမရောက်ပဲ သင်္ဘောကုန်းပတ်ပေါ်ပြန်ကျလာသည်။

ထိုအဖြစ်အပျက်ကြောင့်တိုက်ချွန်းသည် သင်္ဘောပေါ်မှမော်တာကျည်ဆံကို အလျှင်အမြန်ကောက်ယူပြီး ရေထဲကိုပစ်ချလိုက်ရာစက္ကန့်ပိုင်းအတွင်းမှာရေထဲတွင် ပေါက်ကွဲသွားလေသည်။

အကယ်၍သာ သင်္ဘောပေါ်တွင်ပေါက်ကွဲသွားပါကအဖြစ်အပျက်မှာ မတွေးရဲစရာပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင်ရဲဘော်နှစ်ဦးရေထဲငုတ်ပြီးသင်ဆုံးကြိုးများကိုဖြုတ်တော့မှ ဆက်လက်ခရီးဆက်လို့သွားသည်။

## အောင်ဆန်းသူရိယဘွဲ့ရခြင်း

၁၉၅၀ခုနှစ်ဇန်နဝါရီလ(၃)ရက်နေ့တွင်လွတ်လပ်ရေးဘွဲ့ထူးများကြေညာသည့်အခါ သူရသတ္တိဘွဲ့များတွင်အမြင့်မားဆုံးဖြစ်သော အောင်ဆန်းသူရိယဘွဲ့ကိုဗိုလ်တိုက်ချွန်းရရှိခဲ့သည်။

ထိုဘွဲ့ကိုနိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ချီးမြှင့်ခဲ့လေသည်။

မှတ်ချက်

အောင်ဆန်းသူရိယဘွဲ့ရသူမြေ-ကဲဦးရှိခဲ့ရာ ဗိုလ်တိုက်ချွန်းတစ်ယောက်သာအသက်ရှင်ခဲ့လေသည်။



## မိန်းမရခြင်း

ဗိုလ်တိုက်ချွန်းသည် အောင်ဆန်းသူရိယဘွဲ့ရပြီးနောက် ၁၉၅၂ခုနှစ်တွင်စစ်တပ်မှခွင့်သုံးလယူပြီး မိခင်ရှိသည့်ချင်းတောင်သို့ပြန်ခဲ့သည်။

အိမ်ရောက်တော့စစ်ဗိုလ်ဖြစ်ကြောင်းနှင့် မိန်းမရှာပေးစားရန် မိခင်ကိုပြောလေသည်။ ထို့ကြောင့်မိခင်ဖစ်သူလည်း ဗိုလ်တိုက်ချွန်းဦးလေးသမီးဖြစ်သော ချင်းမချောချောလေးနှင့်ပေးစားလိုက်လေသည်။

သူတို့၏မင်္ဂလာပွဲကို ချင်းရိုးရာအတိုင်းကျင်းပကြသည်။ မင်္ဂလာမဏ္ဍပ်ကိုယောက္ခမအိမ်ရှေ့တွင်ခမ်းနားစွာဆောက်လုပ်လေသည်။ နံနက်ပိုင်းတွင်လက်ထပ်ပွဲကိုခရစ်ယန်မွဆရာတစ်ဦးကဦးစီး၍ကျင်းပပေးလေသည်။

ညနေပိုင်းတွင် ချင်းပျိုဖြူတွေ၊ ချင်းလူပျိုတွေနှင့် ဗိုလ်တိုက်ချွန်းတို့စုံတွဲ စုပေါင်း၍ခေါင်ရည်သောက်ကြသီချင်းဆိုကြနှင့် ပျော်ပွဲ၊ ရွှင်ပွဲကျင်းပလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ကြီးဖြစ်သွားခြင်း

၁၉၅၂ခုနှစ်ဇွန်လတွင် ဗိုလ်တိုက်ချွန်းကိုကျိုင်းတုံရှိ ခြေလျင်တပ်ရင်း(၂၄)သို့ တာဝန်ချထားပေးလေသည်။ ထိုနှစ်ဇူလိုင်လတွင် ဗိုလ်တိုက်ချွန်းသည် ဗိုလ်ဘဝမှ ဗိုလ်ကြီးအဆင့်သို့ ရာထူးတိုးမြှင့် ခြင်းခံလိုက်ရသည်။

## မောင့်ဖြတ်ရွာသို့ပြောင်းရခြင်း

ဗိုလ်ကြီးဖြစ်သွားသောတိုက်ချွန်းသည် ကျိုင်းတုံမှ တဆင့် မောင့်ဖြတ်ရွာသို့တာဝန်ကျသဖြင့် ခရီးဆက်လာခဲ့ရသည်။

မောင့်ဖြတ်ရွာသည်အိမ်ခြေ ခြောက်ရာခန့်သာရှိသောမြို့တစ်မြို့ဖြစ်၏။

မြို့ဟုဆိုသော်လည်းရွာသာသာပဲရှိသည်။ တစ်ရွာလုံးစိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများလုပ်ကြသော ရှမ်းတိုင်းရင်းသားများ နေထိုင်ကြသည်။ ရဲစခန်းရှိသည်။



## တရုတ်ဖြူနယ်ခံ့တို့ကိုချေမှုန်းရခြင်း

ထိုနှစ်ဩဂုတ်လတွင် ဗိုလ်ကြီးတိုက်ချွန်းသည် လစာငွေ များထုတ်ယူရန် ကျိုင်းတုံသို့သွားရမည်ဖြစ်သည်။ ထိုသို့ သွားရန်တွင်လမ်းခရီး (၅၂) မိုင်မှာ တရုတ်ဖြူများခံ့ခိုတိုက်ခိုက်ရန်စောင့်နေကြောင်း သတင်းရထားလေသည်။

ထို့ကြောင့်ဗိုလ်ကြီး တိုက်ချွန်းသည်လစာသွားထုတ်သောအခါ ကားသုံးစီးပေါ်တွင် ရဲဘော်များအပြည့်တင်ကာမောင်းထွက်လာခဲ့သည်။ (၅၂)မိုင်ရောက်တော့ ရဲဘော်များကို ကားပေါ်မှဆင်းကာဘေးမှကွေ့ပတ်၍ ခြေလျင်တတ်စေပြီး ကားသုံးစီးကိုရဲဘော်များမပါပဲ မောင်းထွက်သွားစေသည်။

ဗိုလ်ကြီးတိုက်ချွန်းနှင့်ဗိုလ်အေးစန်းဦးဆောင်သော တပ်ဖွဲ့သည်ကျောက်တောင်ကြားမှ ငုံ့လျှိုးပုန်းအောင်းပြီး အသံမထွက်အောင် တလှမ်းခြင်းချီတက်လာခဲ့သည်။

သူတို့တောင်ထိပ်သို့မရောက်မီ ကြိုတင်သ

www.burmeseclassic.com

www.burmeseclassic.com



တင်းရထားသည့်အတိုင်းပင် တရုတ်ဖြူသောင်းကျန်းသူတွေက ကားသုံးစီးကိုရဲဘော်များပါလာသည်အထင်နှင့် စတင်ပစ်ခတ်လိုက်လေသည်။

တရုတ်ဖြူတို့သည် နောက်ကြောင်းကိုလှည့်မကြည့်ပဲရှေ့သို့သာ မဲ၍သဲသဲမဲမဲပစ်နေကြသည်။

ထိုအခြေအနေကိုအခွင့်ကောင်းယူ၍ ဗိုလ်ကြီးတိုက်ချွန်းတို့သည် တရုတ်ဖြူတပ်များကို နောက်မှနှစ်ဖက်ညှပ်၍ ဝိုင်းဝန်းတိုက်ခိုက်လေသည်။

## နောက်ကျသွားသောရန်သူများ

တရုတ်ဖြူတို့သည် နောက်ဖက်မှကျည်ဆန်များလာမှသူတို့ဘက်ကို ဦးလှည့်လိုက်ကြသည်။ သို့သော် ဗိုလ်ကြီးတိုက်ချွန်းတို့၏ လက်ဦးမှုကြောင့်တရုတ်ဖြူသောင်းကျန်းသူတို့နောက်ကျခဲ့လေပြီ။

တိုက်ပွဲမှာသိပ်မကြာလှပေ။ တရုတ်ဖြူတို့သည် ...လဲလဲအကွဲကွဲဖြင့် ဖရိုဖရဲဖြစ်ကာ ဗိုလ်ကြီးတိုက်ချွန်းတို့၏ လက်ဦးချေမှုန်းမှုအောက်မှ ထွက်ပြေးကြလေသည်။



အင်အားတစ်ရာ ငါးဆယ်လောက်ရှိသောတရုတ်ဖြူတို့သည် ဆယ့်ရှစ်ယောက်ကျဆုံးကာ တစ်ဆယ့်ငါးဦးကို အရှင်ဖမ်းမိလေသည်။

ဗိုလ်ကြီးတိုက်ချွန်းတို့တပ်မတော်မှလည်း ရဲဘော်နှစ်ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရသည်။

## ဒုတိယအကြိမ် တွေ့ဆုံသော မဟေလုံ တိုက်ပွဲ

မဟေလုံတိုက်ပွဲသည် သမိုင်းဝင်သောတိုက်ပွဲတစ်ပွဲဖြစ်ခဲ့သည်။ ထိုနေ့ကဗိုလ်ကြီးတိုက်ချွန်းဦးဆောင်သော ရဲဘော်များသည် တောင်တန်းပေါ်တွင် တဖြည်းဖြည်းချီ တက်ရင်းမှောင်သွားခဲ့သည်။ ထမင်းလည်းမစားရသေးပေ။ ထိုကြောင့် ဗိုလ်ကြီးတိုက်ချွန်းသည် ထမင်းချက်ရန်မီးဖိုလျှင် မီးရောင်ကိုမြင်သွားမည်စိုးသဖြင့် ဆန်ကိုသာရေစိမ်စားကြရန် အမိန့်ပေးလိုက်သည်။

နံနက်ခြောက်နာရီတွင် မဟေလုံ(ခေါ်)တော့ဘက်တုံးကြီးကိုရောက်တော့ တရုတ်ဖြူတပ်သားများ ချီတက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်ကိုတွေ့ရသည်။

ထို့ကြောင့်ရန်သူအလာကို လမ်းဘေးတောင်ကုန်းတွင်ကျကျနန ထိုင်စောင့်၍ပစ်ကွင်းထဲကို ရန်သူဝင်လာတော့မှစိတ်တိုင်းကျ ပစ်လိုက်လေသည်။

## အဆမတန်အင်အားကြီးမားခြင်း

တရုတ်ဖြူတွေကလည်း ဗမာတပ်မတော်ဘက်မှ လက်ဦးခြင်းခံရပေမဲ့ အတင်းဝင်၊ အတင်းပစ်၍တတ်လာသည်။ ထို့ကြောင့်တပ်နှစ်တပ် ရောနှောသွားပြီးလုံ့စွပ်တိုက်ပွဲဆင်နွှဲလေတော့၏။

အစပထမတွင်အင်အား လေး၊ ငါးဆယ်ခန့်သာရှိရမည်ထင်ရသော တရုတ်တပ်များသည် တကယ်လက်တွေ့တွင်အင်အား ရှစ်ရာခန့်အထိရှိလေသည်။

ထို့ကြောင့်ဗိုလ်ကြီးတိုက်ချွန်းတို့ဘက်မှ အခြေအနေမကောင်းသဖြင့် အမြန်ဆုံးဆုတ်ခွာရန် စီစဉ်တော့လေသည်။

## ဆုတ်ခွာခြင်းနည်းဗျူဟာ

ဗိုလ်ကြီးတိုက်ချွန်းသည် တပ်စိတ်(၁)ကို



ကာပစ်ရန်တာဝန်ပေးပြီး၊ တပ်စိတ်(၂)ကို နောက်ချန်ကာ ရန်သူထံမှ စာရွက်၊ စာတမ်းနှင့် လက်နက်များသိမ်းရန်ညွှန်ကြားလေသည်။ ထို့နောက် အမိန့်ဆုံးသည်နှင့် ဆုတ်ခွာရန်တပ်စိတ်(၃)ကိုအမိန့်ပေး လိုက်သည်။ ထိုစဉ် တပ်စိတ်(၁)မှ ဆရာစိုးမြင့်သည် ရန်သူကျည်ဆန်ထိမှန်ပြီးလဲကျသွား၏။

## စစ်ကူမရသောတိုက်ပွဲ

ဗိုလ်ကြီးတိုက်ချွန်းသည်အခြေအနေသိပ်မကောင်းမှန်း သိသဖြင့် နောက်ပိုင်းရှိတပ်ရင်းသို့ ဝါယာလက်စက်ဖြင့် အကူအညီတောင်းလိုက်သည်။

သို့သော်ရာသီဥတု မကောင်းသဖြင့်လေယာဉ်လည်းမလာနိုင်၊ လက်နက်လည်းမရ၊ အမြန်ဆုတ်ရန်သာအမိန့်ရသည်။

ထို့ကြောင့်တစ်နေ့လုံး ရှိသမျှအင်အားနှင့်ခုခံနေပြီး ညနေခြောက်နာရီခွဲမှောင်ရီပျိုးစတွင်ဆုတ်ခွာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## အရှုံးအမြတ်စာရင်း

တိုက်ပွဲတွင်ဗိုလ်ကြီးတိုက်ချွန်းတို့ဘက်မှ ဆရာစိုးမြင့် တစ်ဦးသာကျဆုံးပြီး ရန်သူဘက်မှသုံးဆယ်ခန့် ကျဆုံးခဲ့သည်။ တိုက်ပွဲ၏အရှုံးအမြတ်စာရင်းတွက်သော် သူတို့ကမြတ်သည်။

ဗိုလ်ကြီးတိုက်ချွန်းတို့သည် ဆုတ်ခွာလာရင်းစိတ်ချရသောနေရာကိုရောက်သောအခါ ဆရာစိုးမြင့် အလောင်းကို ဓါတ်ဆီလောင်း၍မီးသဂြိုလ်လိုက်သည်။

သို့သော် တရုတ်ဖြူများသည် မီးရောင်ကိုမြင်သဖြင့်အမြှောက်နှင့်လှမ်းပစ်သည်။ ထို့ကြောင့်မီးကိုအမြန်ငြိမ်းသတ်ပြီး မြေမြှုပ်ရန်စီစဉ်ကာ တပ်ရင်းကျမှကောင်းမွန်စွာသဂြိုလ်ရန် လက်ညှိုးလေးကိုဖြတ်ယူထားလိုက်သည်။

ထိုလက်ညှိုးလေးသည် သမိုင်းဝင်တိုက်ပွဲ၏ သက်သေပင်ဖြစ်သည်။

## ဒုတိယချစ်သူနှင့်တွေ့ဆုံခြင်း

ကျိုင်းတုံမောင့်ဖြတ်ရွာတွင် ဗိုလ်ကြီးတိုက်ချွန်း



သည်ဒုတိယချစ်သူကိုတွေ့ဆုံခဲ့လေသည်။

မောင့်ဖြတ်ရွာတွင်တာဝန်ကျနေစဉ် သူသည် လေသေနတ်တစ်လက်ဖြင့် ငှက်ပစ်ထွက်လေ့ရှိ သည်။

တစ်နေ့တွင်ငှက်ပစ်ထွက်ရင်း တောင်စောင်းကရေတံခွန် အားနှင့်မောင်းထောင်းနေသော ရှမ်းပျိုဖြူကလေးကိုတွေ့ရှိခဲ့သဖြင့် လေသေနပ်ကိုထမ်းရင်းငေးကြည့်နေမိသည်။ တောတောင်သဘာဝ၏အလှနှင့်ပြိုင်နေသော ကမ္ဘောဇ၏သမီးပျိုကလေးကပြန်ကြည့်တော့မျက်လုံးချင်းဆုံသွားကြသည်။

မျက်လုံးချင်းဆုံမိတော့ အိမ်ထောင်သည် ယောက်ျားတစ်ယောက်ဖြစ်ပေမဲ့ သူရင်တွေခုန်သွားသည်။ သူကသိပ်ချစ်စရာကောင်းတာပဲဟု ပြောတော့ သူမကရှမ်းဘာသာနှင့် မဟူး၊ မဟူး ဟုပြန် ပြောလေသည်။

ထို့ကြောင့် ဗိုလ်ကြီးတိုက်ချွန်းလည်း နောက်ဆုတ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အချစ်ကစွဲလမ်းစေသည်

တပ်စခန်းရောက်သည့်အထိ ဗိုလ်ကြီးတိုက်ချွန်း မျက်ဝန်းထဲတွင်ရှမ်းပျိုဖြူမလေးကိုမြင်ယောင်နေမိသည်။ ညဘက်တွင်လည်းအိပ်မရပေ၊ တိုက်ချွန်းအမူအရာပျက်ပြီး ငေးငေးငိုင်ငိုင်ဖြစ်နေသည်ကို ဗိုလ်မောင်နီက တွေ့တော့ အကျိုးအကြောင်းမေးလေသည်။

ဗိုလ်ကြီးတိုက်ချွန်းလည်းရင်ထဲရှိသည့်အတိုင်း ဘွင်းဘွင်း ရှင်းရှင်းပြောတော့ ဗိုလ်မောင်နီကရှမ်းပျိုဖြူကလေး၏ မိဘများထံသွားပြောပေးသည်။

## ဒုတိယအိမ်ထောင်ပြုခြင်း

မိဘများကဗိုလ်မောင်နီ လာပြောတော့သူတို့သမီးကိုခေါ်မေးလေသည်။ရှမ်းပျိုဖြူမလေးကလည်း မလိမ့်မညာပါ။ ချစ်မိကြောင်းဝန်ခံလေသည်။

ထို့ကြောင့်ဗိုလ်ကြီးတိုက်ချွန်းလည်း တပ်ရင်းပြန်ပြီး ဇနီးမချင်းကို ရှမ်းပျိုဖြူလေးနှင့် လက်ထပ်ခွင့်တောင်းလေသည်။

သဘောကောင်းပြီးနားလည်မှုရှိသော မချင်းက



သာသာကြည်ကြည်ခွင့်ပြုသဖြင့် ဗိုလ်ကြီးတိုက်ချွန်းလည်းမောင့်ဖြတ်ရွာပြန်ပြီး ရှမ်းပျိုဖြူချောလေးနှင့် လက်ထပ်ခဲ့ လေသည်။

ထို့နောက်ကျိုင်းတုံကို ရှမ်းမလေးကိုခေါ်လာခဲ့သည်။

## စည်းရုံးရေးကောင်းသော

ဗိုလ်ကြီးတိုက်ချွန်းသည် စည်းရုံးရေးကောင်းသောလူတစ်ယောက်ဖြစ်သည်။သူ့ကြောင့်မချင်းနှင့် မရှမ်းတို့ ညီအစ်မအရင်းလိုချစ်သွားကြလေသည်။

ထို့နောက်၁၉၆၂ ခုနှစ်တွင်တိုက်ချွန်းသည်တပ်မတော်မှဗိုလ်ကြီး အဆင့်ဖြင့်အငြိမ်းစားယူခဲ့သည်။

## မွေးရပ်မြေကိုပြန်လာခြင်း

တိုက်ချွန်းသည်အငြိမ်းစားယူပြီးနောက် မယားနှစ်ယောက်နှင့်အတူ ရန်ကုန်မှစစ်တွေသို့ဘမ်းရိုးတမ်းသွားပြည်တော်သာ သင်္ဘောကြီးနှင့်ပြန်လာခဲ့သည်။ စစ်တွေရောက်သည့်အခါ ပလက်ဝမြို့ကိုသင်္ဘောထပ်စီးပြီး ပလက်ဝမှ ဇာတိဖြစ်သောဗွေရင်းရွာကို လှေလမ်းမှပြန်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လေသည်။

ဗွေရင်းရွာရောက်တော့ဇနီးမချင်း၏ ဖခင်ဖြစ်သူကဝမ်းမြောက်ဝမ်းသာကြိုဆိုပြီး သူ့အိမ်တွင်ကြိုက်သလောက်နေရန်ပြောလေသည်။

## ကိုယ်ပိုင်အိမ်ဆောက်ခြင်း

ဗိုလ်ကြီးတိုက်ချွန်းသည်ကိုယ့်ကိုကိုယ်အားကိုးသော အောင်ဆန်းသူရိယဘွဲ့ရသူရဲကောင်းတစ်ယောက်ဖြစ် သည့်အတွက် မယားနှစ်ယောက်နှင့်အတူယောက္ခမ အိမ်တွင်ခိုကပ်မနေပဲ ကိုယ်ပိုင်အိမ်တစ်လုံးဆောက်လေသည်။

ထိုအိမ်ဆောက်သည့်နေရာက ဗွေရင်းတောင်ခြေတွင်ဖြစ်သည်။ ချောင်းကလေးနှင့်လည်းမဝေး၊ တောင်ယာနှင့်လည်းနီးသည်။ ကျေးငှက်တို့၏အသံကလည်းသာယာလှသည်။



## တောဝက်ပစ်ထွက်ခြင်း

တစ်နေ့တွင်ဗိုလ်ကြီးတိုက်ချွန်းသည် ဝိုင်းဝန်း၍အိမ်ဆောက်ပေးနေကြသော ရွာသားများကိုခေါ်ရည်နှင့် တောဝက်သားကျွေးရန်အတွက် တောပစ်ထွက်ခဲ့သည်။တောထဲရောက်တော့ တောဝက်အုပ်ကိုတွေ့ရသဖြင့်လူနံ့မရအောင် လေအောင်ကနေပြီးချောင်းလိုက်သည်။

ထို့နောက်တောဝက်ကြီးတစ်ကောင်နှင့် တောဝက်ငယ်တစ်ကောင်ကိုရွေးပြီး ပစ်လိုက်လေသည်။

ဗိုလ်ကြီးတိုက်ချွန်း၏ကျည်ဆံကြောင့် တောဝက်နှစ်ကောင်လဲကျသွားချိန်တွင် ကျန်တောဝက်များထွက်ပြေးလေသည်။

ဗိုလ်ကြီးတိုက်ချွန်းသည် တောဝက်နှစ်ကောင်ကိုတောထဲမှာတင်ဖျက်ပြီး ဝါးခုတ်၍ဝါးခြမ်းလျှပ်ကာသည့်၍ထမ်းလာခဲ့သည်။

ဒီလိုနှင့်ရွာနှင့်မလှမ်းမကမ်းရောက်တော့ နောက်ထပ်တောဝက်အုပ်ကိုတွေ့ရသဖြင့် ထပ်ပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

သူ့ပစ်ချက်ကြောင့် တောဝက်တစ်ကောင်ကျည်ထိပြီးလဲကျသွားသည်။ သို့သော်သူတို့သည် ထိုတောဝက်တစ်ကောင်ကိုမသယ်နိုင်တော့သဖြင့် ထားရစ်ခဲ့ကြလေသည်။

## သားကောင်နှင့်မုဆိုး

ဗိုလ်ကြီးတိုက်ချွန်းသည် နောက်တစ်နေ့မနက်တွင်ရွာမှလူများနှင့် မနေ့ကပစ်ခဲ့သောတောဝက်ကိုသယ်ရန် ထွက်လာခဲ့သည်။ သူနှင့်ပါလာသော ခွေးသည် တောဝက်သွေးနံ့အတိုင်း ရှေ့ဆုံးမှအနံ့ခံ၍သွားရာမကြာခင်မှာပင်အူတွေထွက်ပြီး အော်ပြေးလာလေသည်။

အဖြစ်အပျက်က တခဏလေးအတွင်းမှာပင်အဖြေပေါ်လာသည်။

မနေ့ကသူပစ်ခဲ့သည့်တောဝက်သည် မသေသေးပေ။ ထို့ကြောင့်ဗိုလ်ကြီးတိုက်ချွန်းလည်း သေနပ်မောင်းတင်ပြီး တောဝက်နှင့်ရင်ဆိုင်လိုက်လေသည်။

တောဝက်သည် ဒဏ်ရာများနှင့်ပင် သူ့ကိုခုန်



အုပ်သည်။ ထိုသို့ တောဝက်ခုန်အုပ်သည့်အချိန်တွင် သေနပ်ကျည်ဆန်ကထွက်သွားပြီး တောဝက်ကိုထိမှန်လေသည်။

ထို့နောက် ဗိုလ်ကြီးတိုက်ချွန်းနှင့်တောဝက်တို့ လုံးထွေး သတ်ပုတ်ကြသည်။ ဗိုလ်ကြီးတိုက်ချွန်းသည် တောဝက်ကို အလွတ်မပေးပဲတအားဖက်ထားလေသည်။ ခဏကြာတော့ကျည်ဆန်ဒဏ်ရာကြောင့် တောဝက်အသက် ပျောက်သွားသည်။

## သတ်၍မသေသောသူ

တောဝက်မှာ ဗိုလ်ကြီးတိုက်ချွန်းလက်ချက်ကြောင့် အသက်ပျောက်သွားသလို၊ သူလည်း တောဝက်နှင့်လုံးထွေးနေချိန်တွင် ပက်လိုက်သည့်ဝက်စွယ်ကြောင့် ဝမ်းဗိုက်မှာ ပွင့်သွားပြီးအူတွေထွက်ကျလာလေသည်။

ထို့ကြောင့် အူပေါက်သလားဟု လက်ဖြင့်တို့ထိပြီးနမ်းကြည့်ရာ "ချေး"နံ့မရသဖြင့် မပေါက်သေးမှန်းသိသွားပြီး အူများကိုဗိုက်ထဲပြန်ထည့် ကာ စွပ်ကျယ်အင်္ကျီကိုချွတ်၍ အူပေါက်ကိုပိတ်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် သူနှင့်ပါလာသူများ ရောက်လာပြီး စောင်ပုခက်ပြုလုပ်ကာဟားခါးဆေးရုံကိုရောက်အောင် တစ်တောင်ဆင်း၊ တစ်တောင်တက်ဖြင့်ပို့ပေးလိုက်ကြသည်။ ဆေးရုံရောက်တော့ သူ့အသက်ကို ဆရာဝန်၊ ဆရာမတွေက ကယ်တင်နိုင်ခဲ့သည်။

## ဘွဲ့တစ်ခုထပ်တိုးခြင်း

စစ်သားဘဝ မင်္ဂလာဒုံတွင် မော်တော်ဆိုင်ကယ်တိုက်စဉ်က ရင်ခွဲရုံထဲရောက်သွားပြီးမှ ထွက်လာခဲ့သဖြင့် ရဲဘော်များက သေရွာပြန်လံခဲဆိုသည့် ဘွဲ့ပေးကြသည်။

ယခုဝက်ပက်သောကြောင့် ဗိုက်ပေါက်ပြီး အူထွက်လာသည့်တိုင် မသေသောသူ့ကို မိတ်ဆွေများက သေမင်းလက်မခံဘွဲ့ပေးကြသည်။

## အေးချမ်းသောဘဝ

သေမင်းလက်မခံသောဗိုလ်ကြီးတိုက်ချွန်းသည် ဆေးရုံဆင်းပြီးနောက်ချစ်ဇနီးနှစ်ယောက်နှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ပြီး အေးချမ်းသောဘဝကို တည်ဆောက်သွားလေသည်။



ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို

www.burmeseclassic.com

www.burmeseclassic.com



## အောင်ဆန်းသူရိယဘွဲ့ရကြသူများ

## ဗိုလ်မှူးအေးချို ကြည်း/၅၁၈၀

၁၉၄၈ ခုနှစ်ဩဂုတ်လအတွင်း၌ သောင်းကျန်းသူကွန်မြူနစ်တပ်များသည် အင်အားအလုံးအရင်းဖြင့် ရန်ကုန်မြို့ကို တိုက်ခိုက်သိမ်းရန် ပြည်-ရန်ကုန်ကားလမ်းအတိုင်းချီတက်လာခဲ့သည်။

၁၉. ၈. ၁၉၄၈ရက်နေ့ ညခုနှစ်နာရီခန့်တွင် နတ္တလင်းမြို့အနီးရှိ ဖိုးသာအောင်ကုန်းတံတားတစ်ဘက်သို့ရောက်ရှိရာ နတ္တလင်း၌တပ်စွဲထားသော ပြည်ထောင်စု စစ်ရဲတပ်ရင်း(၂၁)၏ တပ်ရင်းမှူးဗိုလ်မှူးအေးချိုသည် အင်အားအဆမတန်များပြားသော ရန်သူတို့အား မိမိအသက်ကိုပမာနမထားဘဲ ရွတ်ရွတ်ချွံချွံခုခံ တိုက်ခိုက်နိုင်ခဲ့သဖြင့် သောင်းကျန်းသူကွန်မြူနစ်တပ်များ ဆက်လက်မချီတက်နိုင်တော့ဘဲ ပြန်လည်ဆုတ်ခွာသွားခဲ့ရသည်။

ဗိုလ်မှူးအေးချိုသည် ယင်းသို့ထူးကဲမြင့်မားသော ရဲစွမ်းသတ္တိ၊ ကြံ့ခိုင်သော စိတ်ဓါတ်တို့ဖြင့် ရှုပ်ရှုပ်ချွံချွံ



ခုခံတိုက်ခိုက်ရာတွင် ပြင်းထန်စွာဒဏ်ရာရရှိကာ ၁၉၄၈ ခုနှစ် ဩဂုတ်လ(၂၁)ရက်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားသူဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ရဲစွမ်းသတ္တိဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သော အောင်ဆန်းသူရိယဘွဲ့ကို ပထမဆုံး ချီးမြှင့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တပ်သား အောင်ဆန်းသူရိယလှသောင်း(ကျဆုံး)



## တပ်သားလှသောင်း-
## ကိုယ်ပိုင်အမှတ် ၈၈၈၆၅

၁၉၄၉ခုနှစ်ဧပြီလ ၂၈ရက်နေ့(၃)နာရီအချိန် တွင် ဒိုက်ဦးစစ်မျက်နှာ၌အင်အားအဆမတန်များပြား သောကရင်သောင်းကျန်းသူများသည်အမှတ်(၃) ဗမာ့သေနပ်ကိုင်တပ်ရင်း၏ နောက်တန်းကွပ်ကဲမှုဌာနချုပ်ကို ဝိုင်းရံတိုက်ခိုက်လေသည်။

ထိုအခါ တပ်သားလှသောင်းသည် အသက်ကိုပဓာနမထားပဲ ရဲဝံ့စွာ့စားစွာရန်သူအများအပြားကျဆုံးအောင်ရှပ်ရှပ်ချွံချွံ တိုက်ခိုက်ခြင်းဖြင့် ရန်သူ၏ထိုးစစ်ကိုဟန့်တားနိုင်ခဲ့သည်။

ထို့အပြင် မိမိတို့ဘက်မှ တပ်ဖွဲ့ဝင်များအထိအခိုက်မရှိ ဆုတ်ခွာပေးနိုင်အောင် နောက်ချန်၍ဘရင်းဂန်းသေနတ်ဖြင့် ကာပစ် ပစ်ပေးနေစဉ် ရန်သူ့လက်ချက်ဖြင့်နိုင်ငံတော်အတွက် အသက်ပေးလှူသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နိုင်ငံတော်က အမြင့်ဆုံးစွမ်းရည် သတ္တိဘွဲ့ဖြစ်သော အောင်ဆန်းသူရိယဘွဲ့ကို ချီးမြှင့်လေသည်။

တပ်သားလှသောင်းသည် ရခိုင့်မြစ်ဝကျွန်းပေါ်၊ ဇီးကုန်း၊ ဝက်ထော်နှင့် အင်းစိန်တိုက်ပွဲတို့တွင်လည်း အသက်ကို ပမာနမထားဘဲ ထူးကဲမြင့်မားသောရဲစွမ်းသတ္တိ၊ ကြံခိုင်ထက်မြက်သော စိတ်ဓါတ်တို့ဖြင့် ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။



တပ်သား အောင်ဆန်းသူရိယ ဆာ့ခ်ျမဟာဦးရွှိုင်း
(ကျဆုံး)

www.burmeseclassic.com

www.burmeseclassic.com



## တပ်သားစွတ်(က်)ဗဟာဒူရိုင်း၊ ကိုယ်ပိုင် အမှတ်-၀၁၉၁၄

၁၉၅၀ပြည့်နှစ် ဇွန်လ ၁၇၊ ၁၈ရက်များတွင် အမှတ်(၄)ခြေလျင်တပ်ရင်း၏(ဃ)တပ်ခွဲသည် ရှမ်းပြည်နယ်တောင်ပိုင်းတာလေမှ ပန်စိဟတ်သို့ချီတက်ရာ မိမိထက်အင်အားအဆမတန်များပြားသော ရန်သူတရုတ်ဖြူသောင်းကျန်းသူများနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့သည်။

ထိုအခါ တပ်သားစွတ်(က်)ဗဟာဒူရိုင်းသည် မိမိတပ်ခွဲ၏ ရိက္ခာတင်ထရပ်ကား(၇)စီးကို ရန်သူများဝိုင်းဝန်းပစ်ခတ်မှုတွင် ရှုပ်ရှုပ်ချွံချွံခုခံကာကွယ်နိုင်သည့် အပြင် မိမိတပ်ခွဲအား ရန်သူအင်အားကြီးမားစွာ ဝိုင်းဝန်းပစ်ခတ်နေသည့်ကြားမှ ဘရင်းဂန်းသေနပ်ဖြင့် ရန်သူအများအပြားကျဆုံးအောင် ရဲဝံ့စွန့်စားစွာ ဝင်ရောက်ပစ်ခတ်ရင်း ရန်သူ၏လက်ပစ်ဗုံးထိမှန်တာ နိုင်ငံတော်အတွက် အသက်ပေးလှူသွားခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်က အမြင့်ဆုံးစွမ်းရည်



သတ္တိဘွဲ့ဖြစ်သော အောင်ဆန်းသူရိယဘွဲ့ကို ချီးမြှင့်ခဲ့သေးသည်။

တပ်သားစွတ်(က်) ဗဟာဒူရိုင်းသည် ယခင်ကလည်း ရဲစွမ်းသတ္တိအတွက်သေနာပတိချုပ်က သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်ချီးမြှင့်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တပ်သား အောင်ဆန်းသူရိယစောမြင့်(ကျဆုံး)



## တပ်သားစောမြင့် -
## ကိုယ်ပိုင်အမှတ် ၀၀၉၀၃

တပ်သားစောမြင့်သည် သံတောင်မြို့နယ် ရေသိုးကြီးရွာ၌ KIDOများ ဖမ်းဆီးချုပ်နှောင်ထားခြင်းခံရသော ဗိုလ်မှူးကြီးမောင်မောင်နှင့် အဖွဲ့အားကယ်ထုတ်ရန် အ ရပ်သားစောဘရီနှင့်အတူ ၈. ၆. ၁၉၅၁ရက်နေ့တွင် သွားရောက်ပြီး ဗိုလ်မှူးကြီးမောင်မောင်နှင့် အဆက်အသွယ်ရယူနိုင်ခဲ့သည်။

နောက်တစ်ကြိမ် စောဘရီနှင့်အတူ အရပ်သား (၄)ဦးပါဝင်သည့် အဖွဲ့ငယ်ကို ဦးဆောင်လျက် ၂၄. ၆. ၁၉၅၁ခုနှစ်တွင် အာရုဏ်တက်ချိန်တွင် ရန်သူ့နယ်မြေအတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်။

တပ်သားစောမြင့်နှင့်အဖွဲ့သည် ၂၈. ၆. ၁၉၅၁ ရက်နေ့ညနေတွင် အခက်အခဲအမျိုးမျိုးတို့ကို ဖြတ်ကျော်ကာ ဗိုလ်မှူးကြီးမောင်မောင်တို့အား ချုပ်နှောင်ထားရာ

www.burmeseclassic.com

www.burmeseclassic.com



အခန်းအနီးသို့ရောက်ရှိခဲ့ကြပြီးနောက် သန်းခေါင်ကျော် အချိန်တွင် အချုပ်ခန်းအတွင်းသို့ ရဲဝံ့စွန့်စားဝင်ရောက် စီးနင်းတိုက်ခိုက်ပြီး ဗိုလ်မှူးကြီးမောင်မောင်နှင့်အဖွဲ့အား အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့သည်။

ယင်းသို့ကယ်ထုတ်စဉ် ရန်သူတို့က ပြင်းထန်စွာ ပစ်ခတ်သောကြောင့် ခြေထောက်၌ဒဏ်ရာရရှိလာခဲ့သော်လည်း မိမိဒဏ်ရာကို ဂရုမထားပဲဗိုလ်မှူးကြီးမောင် မောင်နှင့် အဖွဲ့ဘေးကင်းရာသို့ရောက်ရှိသည့်တိုင်အောင် ရန်သူများကို ခုခံတိုက်ခိုက်ပြီး မိမိအတွက် ဝန်မလေးစေလိုသဖြင့် ကျန်ရှိသည့်လက်ပစ်ဗုံးဖြင့် မိမိအသက်ကိုစတေးကာ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့သည်။

ဤသို့ တပ်သားစောမြင့်၏ မိမိရဲဘော်များအတွက် ကိုယ်ကျိုးမဖက်အသက်စွန့်ဆောင်ရွက်ချက်သည် အလွန်မြင့်မြတ်ဂုဏ်ယူဖွယ်ရာဖြစ်သည့်အလျောက် နိုင်ငံတော်၏ ရဲစွမ်းသတ္တိဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သော အောင်ဆန်းသူရိယဘွဲ့ကို ချီးမြှင့်ခြင်းခံရလေသည်။



အောင်ဆန်းသူရိယ စောဘရီ(ကျဆုံး)

www.burmeseclassic.com

www.burmeseclassic.com



## စောဘာရီ-အရပ်သား

စောဘာရီသည် သံတောင်မြို့နယ် ရေသိုးကြီးရွာ၌ KIDO များဖမ်းဆီးချုပ်နှောင်ထားခြင်းခံရသော ဗိုလ်မှူးကြီး မောင်မောင်နှင့် အဆက်အသွယ်ရယူနိုင်ခဲ့သည်။

ထို့ပြင် ၂၄. ၆. ၁၉၅၁ ရက်နေ့တွင် ရန်သူ့နယ်မြေအတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်။

စောဘာရီဦးဆောင်သော အဖွဲ့ငယ်သည် ၂၃. ၆. ၁၉၅၁ ရက်နေ့ညဖန်တွင် ဗိုလ်မှူးကြီးမောင်မောင်တို့အား ချုပ်နှောင်ထားသည့် အချုပ်ခန်းနီးသို့ အခက်အခဲအမျိုးမျိုးတို့ကို ဖြတ်ကျော်ကာရောက်ရှိခဲ့သည်။

သန်းခေါင်ကျော်အချိန်တွင် အချုပ်ခန်းသို့ ရဲဝံ့စွန့်စားစွာဝင်ရောက်စီးနင်း တိုက်ခိုက်ပြီးနောက် ဗိုလ်မှူးကြီးမောင်မောင်နှင့်အဖွဲ့အား အောင်မြင်စွာကယ်ထုတ်



နေစဉ် ရန်သူများ၏ ပြင်းထန်စွာဝိုင်းဝန်းပစ်ခတ်မှုကြောင့် ရာရရှိကာ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့သည်။

စောဘာရီသည် မိမိအားပေးအပ်သည့် တာဝန်ကိုပြီးမြောက်အောင်မြင်သည်အထိ ထူးကဲမြင့်မားသော ရဲစွမ်းသတ္တိ၊ ဇွဲစိတ် တို့ဖြင့် ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ရင်း နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့သူဖြစ်သည့်အလျောက် နိုင်ငံတော်၏ရဲစွမ်းသတ္တိဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သော အောင်ဆန်းသူရိယဘွဲ့ကိုချီးမြှင့်ခြင်းခံရလေသည်။

မင်းနေသွေး

စုစည်းတင်ပြသည်

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကိုးစာရင်း

အလက်ာကျော်စွာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတည်းဖြတ်သော ဗိုလ်ချုပ်အောင်ဆန်း အထ္ထုပတ္တိ။

Hot Newဂျာနယ်

- တက္ကသိုလ်စိန်တင်၏ အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း



www.burmeseclassic.com